ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်
# အမျိုးသားစီမံကိန်းအပေါ်
# ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ)
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၂၀၁၃ ခုနှစ်၊ ဧပြီလ

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း အပေါ်
## ဒုတိယ ၆ လပတ်(အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှု အခြေအနေ

### (က)တစ်မျိုးသားလုံး၏စီးပွားရေး


၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ၆လပတ် (အောက်တိုဘာလမှမတ်လ) အတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်သန်း **၃၀,၁၇၇,၁၄၆.၀** ဖြစ်သဖြင့် ယခင်နှစ် အလားတူ ကာလ တွင်ဖြစ်ပေါ်ခဲ့သည့် တန်ဖိုးကျပ် **၂၈,၀၃၂,၅၅၄.၄** သန်း ထက် **၇.၇** ရာခိုင်နှုန်း တိုးတက်ခဲ့ ကြောင်းခန့်မှန်းရရှိပါသည်။

၂။ စီးပွားရေးကဏ္ဍများအနက် အစီရင်ခံသည့် ဒုတိယ(၆)လပတ်အတွင်း စွမ်းအင်ကဏ္ဍတွင် ကုန်းတွင်း ရေနံစိမ်းနှင့် သဘာဝ ဓါတ်ငွေ့ ထုတ်လုပ်မှု လျော့နည်းခြင်း နှင့် သတ္တု နှင့်တွင်းထွက်ပစ္စည်းများကဏ္ဍတွင် ကျောက်စိမ်းထွက်ရှိရာဒေသတွင် နယ်မြေလုံခြုံရေး အခြေအနေကြောင့် ထုတ်လုပ်မှု ကျဆင်းခြင်း တို့ကြောင့် ယင်းကဏ္ဍများ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး မှာ ယခင်နှစ် အလားတူ ကာလထက် လျော့နည်းခဲ့ သည်မှ အပ ကျန်ထုတ်လုပ်မှုများမှာ ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှုထက် ပိုမို ထုတ်လုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း အရ နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်း ထားသည့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အပေါ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ)တွင် **၆၅.၉** ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပါသည်။

၄။ စီးပွားရေးကဏ္ဍအလိုက် အကောင်အထည်ဖော်မှု အခြေအနေများကို တစ်ဖက်ပါ အတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်။

ကဏ္ဍများ၏ ၂၀၁၂-၂၀၁၃ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ)တိုးတက်မှုနှုန်း




## လယ်ယာကဏ္ဍကြီး

- အစီရင်ခံသည့် ဒုတိယ ၆ လ ပတ်အတွက် လယ်ယာကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ယခင်နှစ် အလားတူ ကာလထက် **၃.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ လယ်ယာကဏ္ဍကြီးတွင် ပါဝင်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် သစ်တော ကဏ္ဍတို့တွင် အသားတင် ထုတ်လုပ်မှုတန်ဖိုး **၂.၀** ရာခိုင်နှုန်း၊ **၈.၃** ရာခိုင်နှုန်းနှင့် **၁.၀** ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါ သည်။
- ဒုတိယ ၆ လပတ်တွင် လယ်ယာကဏ္ဍကြီး နှင့် လယ်ယာကဏ္ဍကြီးတွင် ပါဝင်သည့် ကဏ္ဍများ၏ အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း ရည်မှန်း ချက်နှင့် အကောင်အထည်ဖော်မှုအရ ယခင်နှစ် အလားတူကာလအပေါ် တိုးတက်မှု ရာခိုင်နှုန်းမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်။

| | တစ်နှစ်လုံး ရည်မှန်းချက် တိုးတက်မှုနှုန်း (%) | ဒုတိယ ၆ လ ပတ် အကောင် အထည် ဖော်မှု အရ တိုးတက်မှုနှုန်း (%) |
|---|---|---|
| လယ်ယာကဏ္ဍကြီး | ၃.ဝ | ၃.၂ |
| - လယ်ယာကဏ္ဍ | ၁.၉ | ၂.ဝ |
| - သားငါးကဏ္ဍ | ၆.၈ | ၈.၃ |
| - သစ်တောကဏ္ဍ | ဝ.၄ | ၁.ဝ |

- ၂ဝ၁၂-၂ဝ၁၃ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် တန်ဖိုးအပေါ် ဒုတိယ ၆ လပတ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|
| လယ်ယာကဏ္ဍကြီး | ၆၈.၇ |
| - လယ်ယာကဏ္ဍ | ၇၃.၂ |
| - သားငါးကဏ္ဍ | ၅၄.၃ |
| - သစ်တောကဏ္ဍ | ၉ဝ.၁ |

**လယ်ယာကဏ္ဍ**

- လယ်ယာကဏ္ဍ၏ အဓိက သီးနှံဖြစ်သော စပါးစိုက်ပျိုးမှုမှာ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) တွင် စိုက်ဧက **၁,၈၄၂,၉၆ဝ** စိုက်ပျိုးခဲ့ပါသည်။ တစ်နှစ်လုံး စိုက်ပျိုးရန် ရည်မှန်း ထားသည့် စုစုပေါင်းစိုက်ဧက **၅၆,၃၉၂,၇ဝ၅** အပေါ် စုစုပေါင်း စိုက်ပျိုးမှုမှာ **၂၇.၇** ရာခိုင်နှုန်း ဖြစ်ပါသည်။ ယခုနှစ်တွင် စိုက်ပျိုးဧကသည် ယခင်နှစ် အလားတူ ကာလတွင် စိုက်ပျိုး ခဲ့သည့် ဧက ထက် **၅၅၅,၇၇၈** လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။
- ၂ဝ၁၂-၂ဝ၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် စုစုပေါင်း စိုက်ဧက **၅၆.၄** သန်း စိုက်ပျိုးရန် ရည်မှန်းထားပြီး အစီရင်ခံသည့် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) စိုက်ပျိုးရာသီတွင် အချို့ဒေသများ နယ်မြေ လုံခြုံရေး အခြေအနေကြောင့် စိုက်ပျိုးမှု

လျော့နည်းခြင်း ၊ နွေစပါး သီးနှံစိုက်ပျိုး ရာတွင် သွင်းအားစု တန်ဖိုးကြီးမြင့်ခြင်းနှင့် အချို့ဒေသတွင် တောင်သူများ နွေစပါး ၊ နွေနှမ်း နေကြာ စိုက်ပျိုးမှု လျော့နည်းခဲ့ခြင်းမှ အပ ကျန် သီးနှံများ အားလုံး နီးပါး စိုက်ပျိုးနိုင်ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း သီးနှံများ စိုက်ပျိုးပြီးစီးမှုကို အောက်ပါ အတိုင်းဖော်ပြအပ်ပါသည်။

**(ဧကထောင်ပေါင်း)**

| စိုက်ပျိုးပြီးစီးမှု | တစ်နှစ်လုံး စိုက်ပျိုးရန်စီမံကိန်း ရည်မှန်းချက် | ဒုတိယ၆ လပတ် အတွင်း စိုက်ပျိုးမှု |
|---|---|---|
| ၁ ။ စပါး | ၁၉,၃၁၆ | ၁,၈၄၃ |
| - မိုးစပါး | ၁၆,၂၆၅ | ၂၆၃ |
| - နွေစပါး | ၃,၀၅၁ | ၁,၅၈၀ |
| ၂ ။ အစေ့ထုတ်ပြောင်း | ၁,၀၀၅ | ၁၃၃ |
| ၃ ။ ပဲတီစိမ်း | ၂,၇၉၃ | ၁၂၈၃ |
| ၄ ။ ပဲစင်းငုံ | ၁,၅၈၆ | |
| ၅ ။ မြေပဲ | ၂,၁၈၈ | ၁,၁၈၅ |
| ၆ ။ နှမ်း | ၄,၀၀၈ | ၇၂၀ |
| ၇ ။ နေကြာ | ၁,၇၇၈ | ၁၀၀၀ |
| ၈ ။ ဆီအုန်း | ၃၅၈ | ၄ |
| ၉ ။ ဝါ | ၈၈၆ | ၂၂ |
| ၁၀ ။ ဂုန်လျှော် | ၃၀ | |
| ၁၁ ။ ကြက်ပေါင်စေး | ၁,၃၈၇ | ၀.၅ |
| ၁၂ ။ ချက်ကြံရင့် | ၃၇၈ | ၀.၀၀၄ |
| ၁၃ ။ ငရုတ်ကောင်း | ၁၁၆ | ၀.၁ |
| ၁၄ ။ ကော်ဖီ | ၆၁ | ၀.၁ |
| ၁၅ ။ လက်ဖက် | ၂၄၁ | ၀.၅ |
| ၁၆။ အခြားသီးနှံများ | ၂၀,၂၆၂ | ၉,၄၀၉ |
| **စုစုပေါင်း** | **၅၆,၃၉၃** | **၁၅,၆၀၁** |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း မိုးစပါး၊ နှံစားပြောင်း၊ ပဲစင်းငုံ၊ နွေနှမ်း၊ နေကြာ၊ ဝါ၊ ချက်ကြံရင့် အစရှိသည့်သီးနှံများ မိုးရွာသွန်းမှု များပြား၍ ရိတ်သိမ်းချိန် နောက်ကျခဲ့ခြင်း၊ အထွက်နှုန်း လျော့နည်း ခြင်း ကြောင့် အထွက်လျော့နည်းခဲ့ပြီး အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ ဆောင်းမြေပဲ၊ ဆောင်း နှမ်း၊ ဆီအုန်းနှင့် ငြိမ်းချမ်းရေးရရှိလာသော နယ်မြေများမှ အစေးလှီးနိုင်သော ကြက်ပေါင်စေး ဧကများ ပိုမိုဖော်ထုတ်နိုင်ခြင်းကြောင့် ယခင်နှစ် အလားတူကာလ ကထက် တိုးတက်ထွက်ရှိခဲ့ပါသည်။ သီးနှံအထွက် အခြေအနေကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်။

**(အရေအတွက်-ထောင်ပေါင်း)**

| | ရေတွက်ပုံ | တစ်နှစ်လုံး စီမံကိန်း ရည်မှန်းချက် | ဒုတိယ ၆ လ ပတ်အတွင်း ထွက်ရှိမှု |
|---|---|---|---|
| ၁ ။ နွေစပါး | တင်း | ၂၈၃,၉၇၆ | ၈၇,၁၁၉ |
| ၂။ အစေ့ထုတ်ပြောင်း | ။ | ၆၀,၉၅၈ | ၂၇,၈၇၈ |
| ၃ ။ ပဲတီစိမ်း | ။ | ၄၅,၂၄၉ | ၂၇,၃၉၀ |
| ၄ ။ မြေပဲ | ။ | ၁၂၅,၄၇၇ | ၉၆,၅၆၀ |
| ၅ ။ နှမ်း | ။ | ၃၈,၀၀၅ | ၁၁,၅၆၃ |
| ၆ ။နေကြာ | ။ | ၄၅,၆၀၂ | ၂၈,၇၀၁ |
| ၇ ။ ဆီအုန်း | သီးခိုင် ပိဿာ | ၂၄၈,၄၅၁ | ၁၇၄,၅၉၃ |
| ၈ ။ ဝါ | ပိဿာ | ၃၇၇,၆၅၅ | ၂၇၆,၀၉၃ |
| ၉။ ဂုန်လျှော် | ။ | ၁၀,၀၉၀ | ၄ |
| ၁၀။ ကြက်ပေါင်စေး | ပေါင် | ၂၉၀,၅၉၁ | ၂၈၉,၅၀၁ |
| ၁၁။ ငရုတ်ကောင်း | ပိဿာ | ၆,၅၄၂ | ၆,၂၇၀ |
| ၁၂။ ကော်ဖီ | ။ | ၄,၆၃၇ | ၄,၁၇၀ |
| ၁၃။ လက်ဖက် | ပိဿာ | ၅၆,၈၉၉ | ၁၂,၁၈၈ |

**သားငါး ကဏ္ဍ**

- အစီရင်ခံသည့် ဒုတိယ ၆ လပတ် အတွင်း ငါးပုစွန်ထုတ်လုပ်မှုတွင် ပိဿာ **၁,၆၄၃.၀** သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု ပိဿာ **၁,၅၀၁.၉** သန်း ထက် **၁၄၁.၁** သန်းခန့် တိုးတက်ထုတ်နိုင်ခဲ့ပါသည်။
- မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ စံပြ တိုင်းရင်းကြက် မျိုးထိန်း မျိုးပွားခြံ ထူထောင်၍ ကြက်များ တိုးချဲ့မွေးမြူခြင်း၊ ကူးစက်ရောဂါကာကွယ်ဆေးအမျိုးမျိုး ထိုးနှံပေးခြင်း၊နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွားရေး ပိုမိုဆောင်ရွက်ပေးနိုင်ခြင်း

တို့ကြောင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု၊ ကျွဲနို့၊နွားနို့ နှင့် ကျွဲနွားထွက်ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်လာခြင်းနှင့် ငါးပုစွန်မွေးမြူရေးလုပ်ငန်းများမှထုတ်လုပ်မှုများတိုးတက် ခဲ့ပါသည်။

- အသားထုတ်လုပ်မှု အနေဖြင့် ပိဿာ **၇၀၇.၁** သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ပိဿာ **၆၃၄.၈** သန်းထက် ပိဿာ **၇၂.၃** သန်း ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ငါးပုစွန်ထုတ်လုပ်မှု ပိဿာ **၁,၆၄၃.၀** သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ပိဿာ **၁,၅၀၁.၉** သန်းထက် ပိဿာ **၁၄၁.၁** သန်း ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည် ။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း အသား နှင့် ငါး ပုစွန် ထုတ်လုပ်မှု ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

**(ပိဿာထောင်ပေါင်း)**

| | **တစ်နှစ်လုံး စီမံကိန်း ရည်မှန်းချက်** | **ဒုတိယ ၆ လ ပတ် ထွက်ရှိမှု** |
|---|---|---|
| အသားထုတ်လုပ်မှု | ၁,၃၈၃,၁၇၇ | ၇၀၇,၀၈၇ |
| ငါးပုစွန်ထုတ်လုပ်မှု | ၂,၈၁၅,၈၈၁ | ၁,၆၄၂,၉၇၅ |
| - ငါး | ၂,၅၅၀,၂၈၉ | ၁,၄၉၃,၁၁၃ |
| - ပုစွန် | ၂၆၅,၅၉၂ | ၁၄၉,၈၆၂ |

## သစ်တော ကဏ္ဍ

- မြန်မာနိုင်ငံတွင် မြေဧရိယာစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း ခန့်ကို သစ်တောများဖြင့် ဖုံးလွှမ်းလျက် ရှိသဖြင့် သစ်တော သယံဇာတမှာ အမြောက်အများ ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိတွင် သစ်တောကြိုးဝိုင်းဧရိယာ စတုရန်းမိုင် **၆၄,၂၄၃** ရှိပြီး စုစုပေါင်း မြေဧရိယာ ၏ **၂၄.၆** ရာခိုင်နှုန်း ဖြစ်ပါသည်။
- သစ်တောကဏ္ဍ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိတွင် သစ်တော ဦးစီးဌာန မှ ကျွန်းစိုက်ဧက **၁,၁၃၀,၁၃၀** တွင် အပင် ထောင်ပေါင်း **၅၀,၈၅၅** နှင့် သစ်မာစိုက်ဧက **၁,၃၇၂,၈၇၃** တွင် အပင် ထောင်ပေါင်း **၆၀,၇၈၀** စိုက်ပျိုးနိုင်ခဲ့ပါသည်။

- သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်းခြင်းအတွက် သစ်လုံးများကို ထုတ်လုပ်ဆဲအဆင့်မှ သဘော်ာ တင်ပို့နိုင်သည့် အဆင့်အထိ စာချုပ်ကြွေးကျန် ရှင်းလင်းရေး လုပ်ငန်းများကိုဦးစား၌ပေးဆောင်ရွက်ခဲ့ပါသည်။ အဓိကအားဖြင့် ကျွန်းနှင့်သစ်မာ ထုတ်လုပ် မှု လျော့နည်း ခဲ့ပါသည်။ ကျွန်းထုတ်လုပ်မှုတွင် ကုဗတန် **၂၁၁,၂၄၂** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှုမှာ ကုဗတန် **၂၄၈,၉၂၄** ဖြစ်သဖြင့် ကုဗတန် **၃၇,၆၈၂** လျော့နည်းခဲ့ပါသည် ။ သစ်မာထုတ်လုပ်မှု တွင် ကုဗတန် **၂,၁၈၄,၄၇၇** ထုတ်လုပ် ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှုမှာ ကုဗတန် **၂,၂၇၇,၀၂၀** ဖြစ်သဖြင့် ကုဗတန် **၉၂,၅၄၃** လျော့နည်းခဲ့ပါသည် ။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု မှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်။

| | | **တစ်နှစ်လုံး ထုတ်လုပ်ရန် ရည်မှန်းချက်** | **ဒုတိယ ၆ လ ပတ် ထုတ်လုပ်မှု** |
|---|---|---|---|
| ကျွန်း | ကုဗတန် | ၂၃၂,၉၈၆ | ၂၁၉,၅၉၀ |
| - ထုတ်လုပ်မှု | ။ | ၂၃၂,၉၈၆ | ၂၁၁,၂၄၂ |
| - ဖမ်းဆီး | ။ | | ၈,၃၄၈ |
| သစ်မာ | ကုဗတန် | ၂,၂၆၃,၂၅၈ | ၂,၂၁၈,၂၅၄ |
| - ထုတ်လုပ်မှု | ။ | ၂,၂၆၃,၂၅၈ | ၂,၁၈၄,၄၇၇ |
| - ဖမ်းဆီး | ။ | | ၃၃,၇၇၇ |
| ထင်း | ကုဗတန်(ထောင်) | ၂၂,၇၇၉ | ၁၆,၄၉၄ |
| မီးသွေး | ။ | ၂၅၁ | ၁၃၂ |
| ဝါး | လုံးရေ(သန်း) | ၁,၂၈၄ | ၄၆၄ |
| ကြိမ် | လုံးရေ(ထောင်) | ၄၁,၈၀၅ | ၂၆,၈၄၁ |

## စက်မှု ကဏ္ဍကြီး

- အစီရင်ခံသည့် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ယခင်နှစ် အလားတူ ကာလထက် **၇.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စွမ်းအင်ကဏ္ဍနှင့် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ တို့ ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး **၁.၅** ရာခိုင်နှုန်းနှင့် **၂.၅** ရာခိုင်နှုန်း အသီးသီး လျော့နည်းခဲ့သော်လည်း စက်မှုကဏ္ဍကြီးတွင်

အဓိကပါဝင်သည့် စက်မှုလက်မှု ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ **၆.၆** ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး လျှပ်စစ် ဓါတ်အားကဏ္ဍတွင် **၁၄.၇** ရာခိုင်နှုန်း နှင့် ဆောက်လုပ်မှုကဏ္ဍ တို့တွင် **၁၀.၂** ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

- ဒုတိယ ၆ လပတ် တွင် စက်မှုကဏ္ဍကြီးနှင့် စက်မှုကဏ္ဍကြီးတွင်ပါဝင်သည့် ကဏ္ဍများ၏ အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအရ ယခင်နှစ် အလားတူကာလ အပေါ် တိုးတက်မှု ရာခိုင်နှုန်း မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | တစ်နှစ်လုံး ရည်မှန်းချက် တိုးတက်မှုနှုန်း | ဒုတိယ ၆လပတ် အကောင် အထည်ဖော်မှု အရ တိုးတက်မှုနှုန်း |
|---|---|---|
| စက်မှု ကဏ္ဍကြီး | ၉.၀ | ၇.၂ |
| - စွမ်းအင်ကဏ္ဍ | ၂.၀ | -၁.၅ |
| - သတ္တုနှင့်တွင်းထွက်ကဏ္ဍ | ၂.၅ | -၂.၅ |
| - စက်မှုလက်မှုကဏ္ဍ | ၁၁.၂ | ၆.၆ |
| - လျှပ်စစ်ဓါတ်အားကဏ္ဍ | ၆.၁ | ၁၄.၇ |
| - ဆောက်လုပ်မှုကဏ္ဍ | ၁.၅ | ၁၀.၂ |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရန် ရည်မှန်း ထားသည့် တန်ဖိုးအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | ဒုတိယ ၆ လ ပတ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
|---|---|
| စက်မှု ကဏ္ဍကြီး | ၆၇.၇ |
| - စွမ်းအင်ကဏ္ဍ | ၄၆.၀ |
| - သတ္တုနှင့်တွင်းထွက်ကဏ္ဍ | ၅၁.၅ |
| - စက်မှုလက်မှုကဏ္ဍ | ၆၈.၅ |
| - လျှပ်စစ်ဓါတ်အားကဏ္ဍ | ၄၉.၅ |
| - ဆောက်လုပ်မှုကဏ္ဍ | ၇၁.၉ |

**စွမ်းအင် ကဏ္ဍ**

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း ရေနံစိမ်း အမေရိကန်စည်ထောင်ပေါင်း **၃,၃၅၆.၇** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလထုတ်လုပ်မှု အမေရိကန်စည် ထောင်ပေါင်း **၃,၃၅၀.၉** ထက် အမေရိကန် စည် ထောင်ပေါင်း **၅.၈** သာတိုးတက် ထုတ်လုပ်ခဲ့ပါသည်။ သဘာဝ ဓာတ်ငွေ့ ထုတ်လုပ်မှု တွင်လည်း ကုဗပေ **၂၂၈,၂၉၇** သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ကုဗပေ **၂၀၁,၂၈၅** သန်း ထက် ကုဗပေ **၂၇,၀၁၂** သန်း တိုးတက်ခဲ့ပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းများမှာ သက်တမ်းကာလကြာမြင့် ပြီဖြစ်သဖြင့် အထွက်နှုန်းများတဖြည်းဖြည်း ကျဆင်း လာခြင်း၊ တွင်းသစ်များမှလည်းစီးပွားဖြစ် ထွက်ရှိမှုမရှိခြင်းတို့ကြောင့် ကုန်းတွင်း ရေနံစိမ်း ထုတ်လုပ်မှု တွင် ကျဆင်းခဲ့ပြီး၊ ဘူးသွင်းသဘာဝဓါတ်ငွေ့ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း ရေနံစိမ်းနှင့် သဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | **တစ်နှစ်လုံး ထုတ်လုပ်ရန် ရည်မှန်းချက်** | **ဒုတိယ၆ လ ပတ် ထုတ်လုပ်မှု** |
|---|---|---|---|
| ရေနံစိမ်း | အမေရိကန်စည် (ထောင်ပေါင်း) | ၇,၁၅၆.၆ | ၃,၃၅၆.၇ |
| - ကုန်းတွင်း | ॥ | ၃,၄၃၅.၆ | ၁,၅၉၆.၈ |
| - ကမ်းလွန် | ॥ | ၃,၇၂၁.၀ | ၁,၇၅၉.၉ |
| သဘာဝဓာတ်ငွေ့ | ကုဗပေ (သန်းပေါင်း) | ၄၄၇,၁၉၈ | ၂၂၈,၂၉၇ |
| - ကုန်းတွင်း | ॥ | ၂၁,၉၇၃ | ၈,၁၁၄ |
| - ကမ်းလွန် | ॥ | ၄၂၅,၂၂၅ | ၂၂၀,၁၈၃ |
| ဘူးသွင်း သဘာဝဓာတ်ငွေ့ | ॥ | ၇,၁၉၅ | ၃,၁၀၂ |

**သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍ**

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း ကချင်ပြည်နယ်တွင် နယ်မြေမအေးချမ်းသဖြင့် လုံးခင်း၊ ဖားကန့်ဒေသတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့စီးပွားရေး ဦးပိုင်တို့မှ ကျောက်စိမ်း လုပ်ငန်းများ ရပ်ဆိုင်းထားခြင်း ၊ သမဝါယမပိုင်အခန်းမှ ကျောက်စိမ်း ထုတ်လုပ်မှု လျော့နည်းခြင်း၊ မြေအောက် ခဲတွင်းစနစ်ဖြင့် တူးဖော်ဆောင်ရွက်သည့် လုပ်ကွက်များတွင် ထွက်ရှိလာသော မြေအောက်ရေများကို စုပ်ယူနေရခြင်း၊ ထွက်ရှိသော ဖြုန်းမြေစာ များတွင် ကျောက်ပါဝင်မှု နည်းပါးခြင်း၊ မင်းဂနီးဒိုင်အောက်ဆိုဒ်များကို ပြည်ပ တင်ပို့ရန် ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လက်ကျန်ပမာဏ များနေသဖြင့် လျော့နည်း ထုတ်လုပ်ခြင်း၊ လုပ်ကွက်အချို့ သတ္တုကြောပျောက်ခြင်း၊ ဟာမြင်းကြီးသတ္တုတွင်းမှ သန့်စင်စက်ရုံ နေရာပြောင်းရွှေ့ခြင်းကြောင့် ခဲမဖြူ အဖြိုက်နက် ရောရာ ထုတ်လုပ်မှု လျော့နည်းခြင်း၊ အသေးစား လုပ်ကွက် အချို့ သတ္တုပါဝင်မှု နည်းပါး လာခြင်းကြောင့် စီးပွားဖြစ် သတ္တုကြောများ ရှာဖွေ နေရခြင်း၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ သံမဏိတုံးထုတ်လုပ်မှုများ လျော့နည်းသွား ခြင်းတို့ကြောင့် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင်ယခင်နှစ် အလားတူကာလထက် လျော့နည်း ခဲ့ပါသည်။

- သို့ဖြစ်၍ ခဲမဖြူသတ္တုစင် ထုတ်လုပ်မှု မက်ထရစ်တန် **၁၀၉** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၇၀**ထက် မက်ထရစ်တန် **၃၉** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ခဲမဖြူအဖြိုက်နက်ရှီးလိုက်ရောရာ ထုတ်လုပ်မှု မက်ထရစ် တန် **၂၆၁** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၃၂၉** ထက် မက်ထရစ်တန် **၆၈** လျော့နည်း ခဲ့ပါသည်။ ရွှေ ထုတ်လုပ်မှု ထရိုင်အောင်စ **၁၂,၉၄၇** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလထုတ်လုပ်မှု ထရိုင်အောင်စ **၁၁,၄၂၀** ထက် ထရိုင်အောင်စ **၁,၅၂၇** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ကြေးနီသတ္တုစင် ထုတ်လုပ်မှု မက်ထရစ်တန် **၅,၃၀၅** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၅,၆၂၆** ထက် မက်ထရစ်တန် **၃၂၁** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ သံမဏိတုံး ထုတ်လုပ်မှု မက်ထရစ်တန် **၁၁,၃၇၇** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၂၁,၅၃၇** ထက် မက်ထရစ်တန် **၁၀,၁၆၀** လျော့နည်း ခဲ့ပါသည်။ ကျောက်စိမ်း ထုတ်လုပ်မှု ကီလိုထောင် **၄,၂၀၁** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်

အလားတူ ကာလ ထုတ်လုပ်မှု ကီလိုထောင် **၁၆,၄၆၄** ထက် ကီလိုထောင် **၁၂,၂၆၃** လျော့နည်းခဲ့ပါသည်။ ကျောက်မျက်ရတနာထုတ်လုပ်မှု ကရက်ထောင် **၇,၄၃၄** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၈,၇၁၅** ထက် ကရက်ထောင် **၁,၂၈၁** လျော့နည်းခဲ့ပါသည်။ ကျောက်မီးသွေး ထုတ်လုပ်မှု တန်ထောင် **၅၄၆** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၄၃၈** ထက် ကုဗတန် **၁၀၈** ပိုမိုထုတ်လုပ်ခဲ့ပါသည်။ ဘရိုက်တီးကျောက် ထုတ်လုပ်မှု မက်ထရစ်တန် **၁၀,၉၅၀** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၁၂,၄၄၈** ထက် ကုဗတန် **၁,၄၉၈** ပိုမိုထုတ်လုပ်ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွက် သတ္တုနှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | **တစ်နှစ်လုံး ထုတ်လုပ်မှု ရည်မှန်းချက်** | **ဒုတိယ၆ လပတ် ထုတ်လုပ်မှု** |
|---|---|---|---|
| ခဲမဖြူသတ္တုစင် (၉၉.၉%) | မက်ထရစ်တန် | ၁၇၀ | ၁၀၉ |
| ခဲမဖြူအဖြိုက်နက် ရှိုးလိုက်ရောရာ | ။ | ၈၆၀ | ၂၆၁ |
| ရွှေ | ထရိုင်အောင်စ | ၂၇,၆၁၁ | ၁၂,၉၄၇ |
| ကြေးနီသတ္တုစင် | မက်ထရစ်တန် | ၂၅,၀၀၀ | ၅,၃၀၅ |
| သံမဏိတုံး | မက်ထရစ်တန် | ၉၇,၃၀၁ | ၁၁,၃၇၇ |
| ကျောက်စိမ်း | ကီလို(ထောင်) | ၅၂,၁၃၆ | ၄,၂၀၁ |
| ကျောက်မျက်ရတနာ | ကရက်(ထောင်) | ၁၃,၇၈၉ | ၇,၄၃၄ |
| ကျောက်မီးသွေး | တန်(ထောင်) | ၅၆၆ | ၅၄၆ |
| ဘရိုက်တီးကျောက် | မက်ထရစ်တန် | ၂၆,၀၀၀ | ၁၀,၉၅၀ |

## စက်မှုလက်မှုကဏ္ဍ

- ၂၀၁၃ ခုနှစ် မတ်လကုန်အထိ နိုင်ငံတစ်ဝှမ်းတွင် နိုင်ငံပိုင် စက်ရုံ **၅၉၁**၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် စက်ရုံ **၅၄** ၊ စည်ပင်သာယာ ရေးကော်မတီများ **၁၇** ၊ ပုဂ္ဂလိက မှတ်ပုံတင်မှုလုပ်ငန်းများ **၆၅,၈၃၉** ၊အခြား

စုစုပေါင်း အလုပ်ရှုံဦးရေ **၆၆,၅၀၁** ဖြင့် စက်မှုလက်မှု ကုန်ပစ္စည်းများ ထုတ်လုပ်လျှက် ရှိပါသည်။

- အစီရင်ခံသည့် ကာလအတွင်း သမဝါယမပိုင်အခန်းမှစားသောက်ကုန်၊ လူသုံးကုန်၊ ဝတ်ဆင်ရေးအထွေထွေစက်မှုလုပ်ငန်းများ မှ ထုတ်လုပ်မှုများ နှင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများ၏ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။
- စက်မှုလက်မှုကဏ္ဍတွင် ဆန် ထုတ်လုပ်မှု မက်ထရစ်တန်ထောင် **၁၃,၅၁၀.၉** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလထုတ်လုပ်မှု **၁၃,၆၉၁.၄** ထက် မက်ထရစ်တန်ထောင် **၁၈၀.၅** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ စားဆီ ထုတ်လုပ်မှု ပိဿာသန်း **၂၈၇** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ပိဿာသန်း **၂၇၇** ထက် ပိဿာသန်း **၁၀** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ဆားထုတ်လုပ်မှု မက်ထရစ်တန်ထောင်ပေါင်း **၆၂၇** ထုတ်လုပ် ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၅၀၃** ထက် မက်ထရစ်တန်ထောင်ပေါင်း **၁၂၄** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ စီးကရက် ထုတ်လုပ်မှု လိပ်ရေ (သန်း) **၁,၇၃၆** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု **၁၀,၂၆၁** ထက် လိပ်ရေ (သန်း) **၈,၅၂၅** လျော့နည်း ထုတ်လုပ် ခဲ့ပါသည်။ ချည်ခင်ထုတ်လုပ်မှု မက်ထရစ်တန် ထောင်ပေါင်း **၁၉.၂၀** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၂၀.၀၆** ထက် မက်ထရစ်တန်ထောင်ပေါင်း **၀.၈၆** လျော့နည်း ထုတ်လုပ်ခဲ့ပါ သည်။ ဘိလပ်မြေထုတ်လုပ်မှု မက်ထရစ် တန်ထောင် ပေါင်း **၁,၄၃၄** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၁,၂၃၃** ထက် မက်ထရစ်တန် ထောင်ပေါင်း **၂၀၁** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ကျွန်းခွဲသား ထုတ်လုပ်မှု ကုဗတန် **၈,၅၄၉** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလ ထုတ်လုပ်မှု **၁၂,၂၀၂** ထက် ကုဗတန် **၃,၆၅၃** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ သစ်မာခွဲသား ထုတ်လုပ်မှု ကုဗတန် ထောင်ပေါင်း **၂,၃၂၇** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု **၂,၅၉၃** ထက် ကုဗတန် ထောင်ပေါင်း **၂၆၆** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ ဖယောင်းတိုင် ထုတ်လုပ်မှု မက်ထရစ်တန် ထောင်ပေါင်း **၁၆၆** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု **၉၆** ထက် မက်ထရစ်တန် ထောင်ပေါင်း **၇၀** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ဓါတ်မြေဩဇာထုတ်လုပ်မှု

မက်ထရစ်တန် ထောင်ပေါင်း **၅၇၄** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလ ထုတ်လုပ်မှု **၄၃၅** ထက် မက်ထရစ်တန်ထောင်ပေါင်း **၁၃၉** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများ၏ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | တစ်နှစ်လုံး ထုတ်လုပ်မှု ရည်မှန်းချက် | ဒုတိယ၆ လ ပတ် ထုတ်လုပ်မှု |
|---|---|---|---|
| ဆန် | မက်ထရစ်တန်(ထောင်) | ၁၇,၈၂၇.၀ | ၁၃,၅၁၀.၉ |
| စားဆီ | ပိဿာ(ထောင်) | ၅၃၁,၅၉၃ | ၂၈၆,၅၂၆ |
| သကြား | မက်ထရစ်တန် | ၂၈၅,၂၂၆ | ၁၅၀,၅၂၇ |
| ဆား | ။ | ၈၃၈,၀၅၀ | ၆၂၇,၂၄၀ |
| စီးကရက် | လိပ်ရေ(သန်း) | ၁၂,၂၀၅ | ၁,၇၃၆ |
| ချည်ခင် | မက်ထရစ်တန်(ထောင်) | ၄၅.၀၀ | ၁၉.၂၀ |
| ဆပ်ပြာ | မက်ထရစ်တန် | ၁၅၂,၆၆၆ | ၁၁၅,၇၃၉ |
| စက္ကူ | ။ | ၁၆၇,၇၇၉ | ၁၈၂,၀၅၅ |
| ဘိလပ်မြေ | ။ | ၂,၂၇၇,၇၄၀ | ၁,၄၃၄,၄၈၃ |
| ကျွန်းခွဲသား | ကုဗတန် | ၈,၉၅၀ | ၈,၅၄၉ |
| သစ်မာခွဲသား | ကုဗတန် | ၂,၅၁၉,၉၇၁ | ၂,၃၂၆,၅၂၇ |
| ဓာတ်ဆီ | ဂါလန်(ထောင်) | ၁၃၁,၆၉၆ | ၄၇,၅၁၇ |
| ဒီဇယ်ဆီ | ။ | ၄၉,၇၇၉ | ၂၀,၃၈၄ |
| မီးထိုးဆီ | ။ | ၁၄,၄၀၁ | ၅,၄၉၄ |
| ဖယောင်းတိုင် | မက်ထရစ်တန် | ၅၉၇,၈၇၉ | ၁၆၅,၉၆၃ |
| ဓာတ်မြေသြဇာ | မက်ထရစ်တန် | ၁,၂၃၁,၄၄၉ | ၅၇၄,၁၅၈ |
| မော်တော်ကား | စီးရေ | ၁၄,၇၃၈ | ၃,၇၀၆ |
| ရေစုပ်စက် | စုံ | ၁၇,၀၅၄ | ၆၇၉ |
| လယ်ထွန်စက် | စီးရေ | ၂၀၃ | ၅၇ |
| လက်တွန်း လယ်ထွန်စက် | ။ | ၁၀,၈၀၀ | ၆,၀၁၆ |

**လျှပ်စစ်ဓာတ်အားကဏ္ဍ**

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလ မှ မတ်လ) အတွင်း ရေအား၊ ရေနွေးငွေ့အားနှင့် သဘာ၀ဓါတ်ငွေ့သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံများမှ စုစုပေါင်း တပ်ဆင် အင်အား မဂ္ဂါဝပ် **၃,၆၀၆** ဖြစ်ပြီး၊ ကီလိုဝပ်နာရီ သန်းပေါင်း **၈,၅၇၁** သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ယခင်နှစ် အလားတူကာလတွင် စုစုပေါင်း တပ်ဆင် အင်အား မဂ္ဂါဝပ် **၃,၃၈၄** ဖြစ်ပြီး၊ ကီလိုဝပ်နာရီ သန်းပေါင်း **၈,၆၅၆** သန်း သာထုတ်လုပ်နိုင်ခဲ့ပါသည်။
- နိုင်ငံပိုင် လျှပ်စစ်မီးများပိုမိုရရှိ သုံးစွဲလာနိုင်ခြင်း ၊ ပုဂ္ဂလိကပိုင်အခန်းမှ စပါးခွံ လောင်စာ ၊ဒီဇယ်အား၊ နေရောင်ခြည်အားဖြင့် လျှပ်စစ် ထုတ်လုပ်သုံးစွဲမှုများ ပိုမိုလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား အသုံးပြုမှုမှာ ယခင်နှစ်အလားတူ ကာလထက်ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း လျှပ်စစ်ဓါတ်အားအသုံးပြုမှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

**(ကီလိုဝပ်နာရီသန်းပေါင်း)**

| | **စီမံကိန်း ရည်မှန်းချက်** | **ဒုတိယ၆ လပတ် သုံးစွဲမှု** |
|---|---|---|
| **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | ၁၃,၃၇၈.၃ | ၆၂၇၅.၀ |
| **- နိုင်ငံပိုင်** | ၈,၁၉၁.၁ | ၄၂၃၇.၉ |
| **- စက်ရုံသုံး** | ၂,၉၁၉.၆ | ၁၃၈၄.၆ |
| **- အိမ်သုံး** | ၃,၅၃၃.၃ | ၁၈၁၃.၄ |
| **- ဆေးရုံ၊ရုံး၊ကျောင်း စသည့်အသုံး** | ၁,၆၅၅.၆ | ၈၂၄.၅ |
| **- အထွေထွေသုံး** | ၈၂.၆ | ၃၈.၅ |
| **- သမဝါယမပိုင်** | ၁.၂၈၉ | ၀.၇၂၂ |
| **- ပုဂ္ဂလိကပိုင်** | ၅,၁၈၅.၉ | ၂၀၃၆.၄ |

**ဆောက်လုပ်မှုကဏ္ဍ**

- ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်း အဖွဲ့ခွဲ(၃) မှ လမ်းများဖောက်လုပ်ခြင်း၊ တံတားအထူးအဖွဲ့(၁၄)မှ ဧရာဝတီတံတား (ရတနာသိင်္ဃ) တည်ဆောက်ခြင်း၊ တံတားအထူးအဖွဲ့(၁၅)မှ တံတားများ တည်ဆောက်မှုများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လမ်း တည်ဆောက်မှုများ၊ ပညာရေးဝန်ကြီးဌာနမှ ဥပမိရုပ်မကောင်းသော စာသင်ဆောင်များ တည်ဆောက်ပြုပြင်ခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဆေးခန်းများ တည်ဆောက်ခြင်း ၊ စလူရေလှောင်တမံ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ဖြူးချောင်း၊ မဒေး ၊မမြ ၊ကညင် ရေလှောင်တမံ တည်ဆောက်မှု လုပ်ငန်းများ တိုးတက်ခြင်း၊ရုံးများ၊ လူနေအိမ် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ နိုင်ငံတကာ အဆင့်မီ အားကစားရုံတည်ဆောက်ခြင်း၊ ဟိုတယ် နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ဟိုတယ်များ တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါ သည်။

**ဝန်ဆောင်မှုကဏ္ဍကြီး**

- အစီရင်ခံသည့် ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးမှာ ယခင်နှစ် အလားတူကာလထက် **၁၂.၇** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေး ကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် **၆.၃** ရာခိုင်နှုန်း၊ **၃၄၄.၉** ရာခိုင်နှုန်း၊ **၂၉.၇** ရာခိုင်နှုန်း ၊ **၁၃.၉** ရာခိုင်နှုန်း ၊ **၂၀.၀** ရာခိုင်နှုန်း နှင့် **၄.၉** ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ ခြင်းကြောင့် ဖြစ်ပါသည် ။
- ဒုတိယ(၆) လပတ် တွင် ဝန်ဆောင်မှု ကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပါဝင်သည့် ကဏ္ဍများ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့် အကောင်အထည် ဖော်မှုအရ ယခင်နှစ် အလားတူကာလ အပေါ် တိုးတက်မှုနှုန်း မှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည် ။

| | တစ်နှစ်လုံး | ဒုတိယ ၆ လ ပတ် |
|---|---|---|

| | ရည်မှန်းချက် တိုးတက်မှုနှုန်း | အကောင်အထည်ဖော် မှုအရ တိုးတက်မှုနှုန်း |
|---|---|---|
| ဝန်ဆောင်မှု ကဏ္ဍကြီး | ၈.၃ | ၁၂.၇ |
| - ပို့ဆောင်ရေးကဏ္ဍ | ၄.၅ | ၆.၃ |
| - ဆက်သွယ်ရေးကဏ္ဍ | ၁၅၀.၄ | ၃၄၄.၉ |
| - ငွေရေးကြေးရေးကဏ္ဍ | ၈.၁ | ၂၉.၇ |
| - လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၃.၂ | ၁၃.၉ |
| - ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁၄.၆ | ၂၀.၀ |
| - ကုန်သွယ်ရေး | ၄.၁ | ၄.၉ |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် တန်ဖိုးအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ဒုတိယ ၆ လပတ် အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|
| ဝန်ဆောင်မှု ကဏ္ဍကြီး | ၆၂.၃ |
| - ပို့ဆောင်ရေးကဏ္ဍ | ၄၉.၄ |
| - ဆက်သွယ်ရေးကဏ္ဍ | ၇၉.၆ |
| - ငွေရေးကြေးရေးကဏ္ဍ | ၁၃၆.၂ |
| - လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၇၅.၈ |
| - ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၅၂.၆ |
| - ကုန်သွယ်ရေး | ၆၈.၁ |

**ပို့ဆောင်ရေးကဏ္ဍ**

- ပို့ဆောင်ရေးကဏ္ဍ အနေ ဖြင့် မြန်မာ့လေကြောင်းမှ လုပ်ငန်းလိုအပ်ချက်အရ စင်းလုံးငှားခရီးစဉ်များ ပိုမိုပြေးဆွဲခြင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အခွန်အခနှင့် ငှားရမ်းခရငွေများ ၊ သမဝါယမပိုင် မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများမှ ခရီးသည် ပို့ဆောင်မှုလုပ်ငန်းများ တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကပိုင် လေကြောင်း ပို့ဆောင် ရေး လုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် အငှားယာဉ်၊ အဝေးပြေးကားလိုင်း၊ လိုင်းပေါင်းစုံ ဘတ်စ်ကားယာဉ်များ တိုးချဲ့လာခြင်းကြောင့် ခရီးသည် နှင့်ကုန်စည် ပို့ဆောင်မှုလုပ်ငန်း များ ပိုမိုဆောင်ရွက်နိုင်ခဲ့ ပါသည်။

**ဆက်သွယ်ရေး ကဏ္ဍ**

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) တွင် တန်ဖိုးနည်း တယ်လီဖုန်းများ၊ စီမံကိန်းအရ ဈေးနှုန်းချပေးသော တယ်လီဖုန်းများ ပိုမိုတပ်ဆင် ခဲ့သဖြင့် အော်တိုတယ်လီဖုန်း **၂,၇၄၇** လုံး၊ GSM Mobile **၉၂၈,၄၅၅** လုံး၊ CDMA 450 Mobile **၁၂၁၃** လုံး၊ CDMA WLL Mobile **၁၃** လုံး၊ WCDMA Mobile **၁၀၂,၇၂၈** လုံး တို့ကို အသစ် တပ်ဆင်ခွင့်ပြုခဲ့ခြင်းကြောင့် ကနဦး တပ်ဆင်ခတွင် **၁,၁၁၃.၀** ရာခိုင်နှုန်းနှင့် တယ်လီဖုန်း သုံးစွဲခတွင် **၇၉.၆** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထို့အပြင် တယ်လီဖုန်းခေါ်ဆိုသည့် ကြိမ်ရေများ များပြား လာပြီး သုံးစွဲခ ဝင်ငွေ များ ပိုမိုရရှိလာပါသည်။

**ငွေရေးကြေးရေးကဏ္ဍ**

- နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များ၏ဝန်ဆောင်မှုများတိုးတက်လာခြင်း၊သမဝါယမ ငွေစုငွေချေးအသင်းများမှ ဝင်ငွေများ ပိုမိုရရှိလာခြင်း၊ ပုဂ္ဂလိကဘဏ်ခွဲ အသစ် (၇၃) ဘဏ် ထပ်မံဖွင့်လှစ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအရ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် INGO(၆)ဖွဲ့၊ NGO(၁၂)ဖွဲ့၊ သမဝါယမ(၆၈)ဖွဲ့၊ ပြည်ပကုမ္ပဏီ(၂)ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ(၅၄)ဖွဲ့ နှင့်အသေးစားငွေချေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့ ပါသည်။

- နိုင်ငံပိုင်ဘဏ်များအနေဖြင့် အစီရင်ခံသည့် ဒုတိယ ၆ လပတ် (အောက်တိုဘာလ မှ မတ်လ) အတွင်း ဝင်ငွေ ရရှိမှု အခြေအနေမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျပ်

**၁၅၁,၁၃၄.၂** သန်း ၊ မြန်မာ့ စီးပွားရေးဘဏ်မှ ကျပ် **၁၂၂,၉၅၉.၉** သန်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ်မှ ကျပ် **၁၉,၃၁၆.၇**သန်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်မှ ကျပ် **၅၇,၈၃၇.၀** သန်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ကျပ် **၂၀,၄၂၈.၇** သန်း ၊ မြန်မာ့ အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး လုပ်ငန်းမှ **၁,၅၇၅.၃** သန်း ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ **၁၈,၂၅၈.၉** သန်း စသည်ဖြင့် စုစုပေါင်း ကျပ် **၃၉၁,၅၁၀.၇**သန်းရရှိခဲ့ပါသည်။ ယခင်နှစ် အလားတူကာလ စုစုပေါင်း ဝင်ငွေ မှာ ကျပ် **၂၉၁,၂၀၃.၈** သန်း ဖြစ်ပါသည်။

## လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ပညာရေး၊ကျန်းမာရေး စသည့် လူမှုရေး ကဏ္ဍအတွက် အသုံးစရိတ်များပိုမိုခွင့်ပြုခဲ့ခြင်း၊ လုပ်ငန်း အဖွဲ့အစည်းများအား ဦးစီးဌာနအသွင် ပြန်လည် ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်း၊ ၂၀၁၂ခုနှစ် ဧပြီလ မှ စ၍ နိုင်ငံ့ဝန်ထမ်းများအတွက် အပို ထောက်ပံ့ကြေး ကျပ် **၃၀,၀၀၀** ပေးခဲ့သည့် အပြင်ဝေးလံခေါင်သီပြီးလူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန် ထမ်းဆောင်ကြသော နိုင်ငံ့ဝန်ထမ်းများ အတွက် လစာငွေနှစ်ဆ တိုးမြှင့်ပေးခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် သာမန် အသုံးစရိတ်များ တိုးမြှင့် သုံးစွဲခဲ့ပါသည်။

## ငွေရေးရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍ

- နိုင်ငံပိုင်အခန်းမှ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ စည်ပင်သာယာရေးကော်မတီများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တို့အနေဖြင့် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။
- နိုင်ငံပိုင်ဟိုတယ်(၆)ခု၊ ပြည်တွင်းပုဂ္ဂလိကပိုင် လုပ်ငန်း(၇၇၄)ခု၊ နိုင်ငံခြားနှင့်ပြည်တွင်းဖက်စပ်ဟိုတယ်(၂၆)ခု၊ ဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် (အောက်တိုဘာလမှ မတ်လ)အတွင်း ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မူဆယ်အပါအဝင် အခြား

နယ်စပ်ဝင်ပေါက်အသီးသီးမှ ကမ္ဘာလှည့်ခရီးသည် (၆၈၈,၁၁၉) ဦး လာရောက်ခဲ့သည့်အတွက် ယခင်နှစ်အလားတူကာလတွင် လာရောက်ခဲ့သည့် (၅၁၇,၀၈၅)ဦးထက် ခရီးသည် (၁၇၀၉၃၄) ဦး ပိုမို လာရောက်ခဲ့ပါသည်.

**ကုန်သွယ်မှုကဏ္ဍ**

- ကုန်ပစ္စည်း ထုတ်လုပ်သည့် ကဏ္ဍများဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုကဏ္ဍတို့မှထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် သွင်းကုန်ပစ္စည်းများ ၏ ပြည်တွင်းပြည်ပ ဈေးကွက် သို့ ကုန်သွယ်နိုင်မှုမှာ ယခင်နှစ် အလားတူ ကာလထက် တိုးတက်ခဲ့ပါသည်။

၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) ကဏ္ဍ အလိုက် အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးအခြေအနေကို **<u>နောက်ဆက်တွဲ (၁)</u>** ဖြင့်လည်းကောင်း၊ ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အခြေအနေကို **<u>နောက်ဆက်တွဲ(၂)</u>** ဖြင့် လည်းကောင်း ပြုစု တင်ပြအပ်ပါ သည်။


**(ခ) တိုင်းဒေသကြီး နှင့် ပြည်နယ်**

၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) တွင် ကချင်ပြည်နယ် မှ အပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ယခင်နှစ်အလားတူကာလထက် တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တိုးတက်မှုနှုန်းတို့ကို တစ်ဖက်ပါအတိုင်း တင်ပြ အပ်ပါသည်။

| စဥ် | တိုင်းဒေသကြီး/ ပြည်နယ် | စီမံကိန်း ရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှုအရ တိုးတက်မှုနှုန်း |
|---|---|---|---|

| | | | |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၅.၇ | (-)၆.၆ |
| ၂ | ကယားပြည်နယ် | ၄.၄ | ၇.၇ |
| ၃ | ကရင်ပြည်နယ် | ၈.၀ | ၂၃.၇ |
| ၄ | ချင်းပြည်နယ် | ၇.၄ | ၁၀.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈.၂ | ၉.၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆.၉ | ၁၃.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆.၈ | ၉.၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၇ | ၉.၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆.၇ | ၇.၉ |
| ၁၀ | မွန်ပြည်နယ် | ၈.၄ | ၅.၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၆ | ၂.၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၉ | ၅.၁ |
| ၁၃ | ရှမ်းပြည်နယ် | ၆.၁ | ၉.၄ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅.၀ | ၆.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁၂.၅ | ၁၄.၃ |

**တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ)တိုးတက်မှုနှုန်း**



- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှစ်စဉ် စီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရည်မှန်းထားသည့် တန်ဖိုးအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၆၀.၇ |
| ၂ | ကယားပြည်နယ် | ၆၂.၂ |
| ၃ | ကရင်ပြည်နယ် | ၈၅.၄ |
| ၄ | ချင်းပြည်နယ် | ၆၄.၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၁.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၅.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇၂.၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆၀.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆၂.၁ |
| ၁၀ | မွန်ပြည်နယ် | ၆၉.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၆၂.၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၆၅.၄ |
| ၁၃ | ရှမ်းပြည်နယ် | ၆၄.၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၇.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁၀၃.၂ |

**ကချင်ပြည်နယ်**

- ကချင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ်အလားတူ ကာလဖြင့် နှိုင်းယှဉ်ပါက **၆.၆** ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။
- အဓိကအားဖြင့် ကချင်ပြည်နယ်အတွင်း သီးနှံစိုက်ပျိုးချိန်တွင် နယ်မြေ အခြေအနေကြောင့် ပူတာအို ခရိုင်မှအပ ကျန်ခရိုင်များတွင် လယ်ယာစိုက်ပျိုးမှု

နည်းခြင်း၊ ကုမ္ပဏီနှင့် ဒေသခံ တောင်သူများ မှ အခြားသီးနှံများ မစိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးပြီးသီးနှံများမှာလည်း မရိတ်သိမ်းနိုင်ခြင်း ၊ ကျောက်စိမ်းတူးဖော်နိုင်မှု မရှိခြင်း တို့ကြောင့် ယခင်နှစ် အလားတူကာလထက် လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည် ။

- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **စက်မှုကဏ္ဍကြီး** တွင် ၂.၉ ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် ၆.၅ ရာခိုင်နှုန်း အသီးသီး တိုးတက်သော်လည်း **လယ်ယာကဏ္ဍကြီး**တွင် **၁၈.၇** ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည် ။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၀.၇** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**ကယားပြည်နယ်**

- ကယားပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၇.၇** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

- သစ်တောကဏ္ဍတွင် နယ်မြေ လုံခြုံရေးကောင်းမွန် လာပြီး ပုဂ္ဂလိက ထုတ်လုပ်မှု ပိုမိုလာခြင်း ၊ ဆောက်လုပ်ရေး ကဏ္ဍတွင် နိုင်ငံပိုင်အခန်း ဆောက်လုပ်မှု ပိုမိုလာခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် GSM , CDMA 450 , WCDMA , မိုဘိုင်း တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ငွေရေးကြေးရေးကဏ္ဍတွင်လည်း ကမ္ဘောဇ ဘဏ်၏ ယခုနှစ်အတွင်း လုပ်ငန်းစွမ်းဆောင်မှု မြင့်တက်ခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည် ။

- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် ၂.၂ ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၆.၇** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၅.၆** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၂.၂** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**ကရင်ပြည်နယ်**

- ကရင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလ မှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၂၃.၇** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- ဒေသရေမြေသဘာဝနှင့် ကိုက်ညီသည့် ကြက်ပေါင်စေးစိုက်ပျိုးမှုတွင် နည်းပညာ ဖြန့်ဖြူးပေးခြင်းနှင့် ပြည်နယ်အတွင်းနယ်မြေ အေးချမ်းလာမှုကြောင့် အစေးလှီး ဧကများ ပိုမိုဖော်ထုတ်နိုင်ခဲ့ပါသည်။
- စက်မှုလက်မှုကဏ္ဍတွင် သမဝါယမပိုင်အခန်းမှ ဝတ်ဆင်ရေးပစ္စည်း ၊ ဆောက်လုပ်ရေး ပစ္စည်းများ ထုတ်လုပ်မှု ၊ ပုဂ္ဂလိကပိုင်အခန်း စားသောက်ရေး ၊ ဝတ်ဆင်ရေး ပစ္စည်း ၊ ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်မှု၊ လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှု များ ပိုမို ထုတ်လုပ်နိုင်ခြင်းကြောင့် တိုးတက်ခဲ့ပါသည်။
- ဆက်သွယ်ရေးကဏ္ဍတွင် ယခုနှစ်အတွင်း တယ်လီဖုန်း ပိုမိုတပ်ဆင်နိုင်ပြီး ငွေရေး ကြေးရေးကဏ္ဍတွင်လည်း ယခုနှစ်အတွင်း အသစ် ဖွင့်လှစ်သည့် ကမ္ဘောဇဘဏ်၊ စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဘဏ်ခွဲများမှ ဝင်ငွေများ ပိုမို ရရှိခြင်း ကြောင့် တိုးတက်ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၂၅.၉** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၁၄.၃** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၂၆.၅** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၈၅.၄** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**ချင်းပြည်နယ်**

- ချင်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တို ဘာလ မှ မတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့် နှိုင်းယှဉ်ပါက **၁၀.၅** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- လယ်ယာကဏ္ဍတွင် စိုက်ပျိုးချိန်တွင် မိုးနည်းခြင်းကြောင့် မိုးစပါး အစိုက်၊ အထွက် လျော့နည်း ခဲ့ပါသည် ။
- ဆက်သွယ်ရေးကဏ္ဍတွင် တယ်လီဖုန်းအသစ်များ တိုးချဲ့ တပ်ဆင်ခွင့် ပြုခဲ့ခြင်း ကြောင့် တိုးတက်လာခဲ့ ပါသည်။
- လူမှုရေး နှင့် စီမံခန့်ခွဲမှု ကဏ္ဍတွင် အချို့ ဌာနဆိုင်ရာ အသုံးစရိတ်များ တိုးမြင့် လာခြင်း ၊ အချို့ ဌာနဆိုင်ရာ အသုံးစရိတ်များ ယခုနှစ် မှသာ ရှိလာခြင်း တို့ကြောင့် ဖြစ်ပါသည် ။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာ ကဏ္ဍကြီး**တွင် **၁.၂** ရာခိုင်နှုန်းလျော့နည်း ခဲ့သော်လည်း **စက်မှုကဏ္ဍကြီး** တွင် **၁၄.၄** ရာခိုင်နှုန်းနှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၂၉.၈** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၄.၁** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

- စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလ မှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၉.၅** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။
- စစ်ကိုင်းတိုင်းအတွင်း ယခုနှစ် ရိတ်သိမ်းချိန် ရာသီဥတု ကောင်းမွန်ခြင်းကြောင့် နှမ်းအထွက် တိုးတက်ခဲ့ပါသည် ။
- ဆက်သွယ်ရေးကဏ္ဍတွင် GSM, CDMA 450, WCDMA, မိုဘိုင်း တယ်လီ ဖုန်းများ တိုးချဲ့တပ်ဆင်ခြင်း တို့ကြောင့် ဖြစ်ပါသည် ။

- စက်မှု လက်မှုကဏ္ဍတွင် နိုင်ငံပိုင်အခန်း ထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း သမဝါယမပိုင်အခန်းနှင့် ပုဂ္ဂလိပိုင်အခန်း စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်မှုများ တိုးတက် ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် ၄.၆ ရာခိုင်နှုန်း ၊ **စက်မှုကဏ္ဍကြီး** တွင် **၁၄.၃** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှု ကဏ္ဍကြီး** တွင် **၁၄.၃** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၇၁.၇** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

- တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလဖြင့် နှိုင်းယှဉ်ပါက **၁၃.၅** ရာခိုင်နှုန်း တိုးတက် ခဲ့ပါ သည်။
- လယ်ယာကဏ္ဍတွင် မိုးသီးနှံများမှာ ရေနစ်မြုပ်ခြင်းတို့ကြောင့် ရိတ်သိမ်းဧက နှင့် စိုက်ပျိုးထွက်ရှိမှု လျော့နည်းခဲ့ပါသည်။ သားငါးကဏ္ဍ တိုးတက်မှုမှာ ရေချိုရေငံငါး၊ ပုဇွန် ထုတ်လုပ်မှု တိုးတက်ခြင်းကြောင့် ဖြစ်ပါသည် ။
- ဆောက်လုပ်မှုကဏ္ဍတွင် လမ်းဖောက်လုပ်ခြင်း ၊ ရေထိန်းတံခါး တည်ဆောက်ခြင်း ၊ ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း ၊ ဧရာဝတီဘဏ် တည်ဆောက်ခြင်း တို့ကြောင့် တိုးတက်ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် ၉.၇ ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၂၃.၃** ရာခိုင်နှုန်း **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၇.၅** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၅.၄** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

**ပဲခူးတိုင်းဒေသကြီး**

- ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ)အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလဖြင့် နှိုင်းယှဉ်ပါက **၉.၆** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။
- စွမ်းအင်ကဏ္ဍတွင် ရေနံတွင်းဟောင်းများ အထွက်နှုန်း တဖြည်းဖြည်း ကျဆင်းလာခြင်း၊ တွင်းသစ်များမှလည်း စီးပွားဖြစ် ထုတ်လုပ်နိုင်မှု မရှိခြင်းတို့ကြောင့် **လျော့နည်း** ခဲ့ပါသည်။
- စက်မှုကဏ္ဍတွင် နိုင်ငံပိုင် အခန်း ထုတ်လုပ်မှု ကျဆင်းသော်လည်း သမဝါယမပိုင် ၊ ပုဂ္ဂလိက ပိုင် အခန်း ဝတ်ဆင်ရေး နှင့် စားသောက်ရေး ပစ္စည်း ၊ လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည် ။
- ဆောက်လုပ်မှု ကဏ္ဍတွင် လမ်းတံတား အဆောက်အဦ နှင့် တောင်နဝင်း ၊ မြောက်နဝင်း ဆည်များ ၊ မြစ်မခနှင့် လင်းနို့ချောင်း ရေနှုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကြောင့် **တိုးတက်** ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး** တွင် **၈.၈** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၇.၁** ရာခိုင်နှုန်းနှင့် **ဝန်ဆောင်မှု ကဏ္ဍကြီး** တွင် **၁၂.၄** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၇၂.၇** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး**

- မကွေးတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလဖြင့် နှိုင်းယှဉ်ပါက **၉.၅** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။
- ရာသီဥတုကောင်းမွန်မှုကြောင့် ဖူးစားပြောင်း ယခင်နှစ်ကထက် ပိုမိုထွက်ရှိခဲ့ပါသည်။
- သစ်တောကဏ္ဍတွင် နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့် ကိုင်းဖျားကိုင်းနားများ ပိုမိုထုတ်လုပ်ခြင်း တိုးတက်ခဲ့ပါသည် ။

- ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံပိုင်အခန်း လမ်းတံတား ဆောက်လုပ်ခြင်း ၊ မြစ်သား ဗူးရွာ၊ မဒေးရေလှောင်တမံ ဆောက်လုပ်မှုများကြောင့် တိုးတက်ခြင်း ဖြစ်ပါသည် ။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၂.၆** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၁၅.၃** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၈.၉** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၀.၇** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး**

- မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၇.၉** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- မိုးရွာသွန်းမှု လျော့နည်းခဲ့သည့်အတွက် မိုးသီးနှံများ အထွက်လျော့နည်းခြင်း ငလျင်ဒဏ်ကြောင့် ယခင်နှစ်ကထက် အထွက် လျော့နည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါ သည်။
- ညောင်ဦး မြို့နယ်တွင် စံပြတိုင်းရင်း ကြက်မျိုးထိန်း မျိုးပွားခြင်း ထူထောင်ပြီး တိုင်းရင်းကြက် ၊ ဥစားကြက် ၊ အသားစားကြက်များ တိုးချဲ့မွေးမြူခြင်းကြောင့် အသား ၊ ဥ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည် ။
- စက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်း အထွေထွေ စက်မှု လက်မှု လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည် ။
- တက္ကသိုလ်များ၊ ဆေးရုံ၊ ရေထိန်းဆည်များ၊ ကိုယ်ထူကိုယ်ထလမ်းများ၊ စာသင် ကျောင်းများ၊စာကြည့်တိုက်များ၊ဆေးခန်းများ၊ ဇရပ်တန်ဆောင်းများနှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ပြုပြင်ခြင်းကြောင့် ဆောက်လုပ်မှုကဏ္ဍ တိုးတက် လာပါသည်။

- ငွေရေးကြေးရေးကဏ္ဍ တွင် နိုင်ငံပိုင် အခန်းမှ အတိုးရငွေများ ပိုမို ရရှိခြင်း ၊ ပုဂ္ဂလိကဘဏ်များ၊ လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ် လာခြင်းတို့ကြောင့် ဝင်ငွေများ တိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာ ကဏ္ဍကြီး** တွင် ၁.၀ ရာခိုင်နှုန်း **လျော့နည်း**ခဲ့သော်လည်း **စက်မှုကဏ္ဍကြီး** တွင် **၁၃.၄** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှု ကဏ္ဍကြီး** တွင် **၁၀.၇** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၂.၁** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

**မွန်ပြည်နယ်**

- မွန်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တို ဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၅.၇** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- လယ်ယာ ကဏ္ဍတွင် ဆစ်ပိုးကျရောက်၍ မိုးစပါးများ ပျက်စီး ခဲ့ပါသည် ။
- သားငါးကဏ္ဍတွင် ရေငံငါး ထုတ်လုပ်မှု လျော့နည်း ခဲ့ပါသည်။
- စက်မှုလက်မှုကဏ္ဍတွင် သမဝါယမ နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည် ။
- ဆက်သွယ်ရေးကဏ္ဍတွင် တယ်လီဖုန်း တပ်ဆင်မှု ပိုမိုများပြားလာခြင်းနှင့် ခေါ်ဆိုမှု ကြိမ်ရေ ပိုမိုလာပါသည် ။
- ဒုတိယ ၆ လပတ်အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၃.၁** ရာခိုင်နှုန်း **လျော့နည်း** ခဲ့သော်လည်း **စက်မှုကဏ္ဍကြီး** တွင် **၁၃.၁** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၁.၃** ရာခိုင်နှုန်း **တိုးတက်** ခဲ့ ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၉.၃** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**ရခိုင်ပြည်နယ်**

- ရခိုင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၂.၆** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- ဆက်သွယ်ရေးကဏ္ဍ တွင် တယ်လီဖုန်းအသစ်တပ်ဆင်မှုများ ပိုမို ခွင့်ပြုခဲ့ပါသည်။
- ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံပိုင်အခန်း ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အတိုး ရငွေများ လျော့နည်း ခဲ့ပါသည် ။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၀.၂** ရာခိုင်နှုန်း **လျော့နည်း** ခဲ့သော်လည်း **စက်မှုကဏ္ဍကြီး** တွင် **၄.၅** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၃.၈** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၂.၈** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**

- ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၅.၁** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- လယ်ယာကဏ္ဍတွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးအထွက်လျော့နည်းခဲ့ပါသည် ။
- သားငါး ကဏ္ဍတွင် မှော်ဘီ မြို့နယ် ညောင်နှစ်ပင်ကျေးရွာ စံပြတိုင်းရင်းကြက် မျိုးထိန်း မျိုးပွား ခြံထူထောင်၍ တိုးချဲ့ မွေးမြူနိုင်ခဲ့ပါသည် ။

- စက်မှု ကဏ္ဍတွင် ပုဂ္ဂလိက အသင့် စားသောက်ကုန် ထုတ်လုပ်ခြင်းနှင့် အထွေထွေ စက်မှုလက်မှုလုပ်ငန်းများ၏ ဝင်ငွေ တိုးတက်ခဲ့ပါသည်။
- ပါရမီ၊ လှည်းတန်း ဂုံးကျော် တံတားများ ၊ ရန်ကင်း ကလေးဆေးရုံ တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆောက်လုပ်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

- ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံပိုင် လေကြောင်းနှင့် ပုဂ္ဂလိက လေကြောင်း ခရီးသွားလာမှု များပြားလာခြင်းနှင့် ပုဂ္ဂလိကပိုင် အငှားယာဥ်နှင့် ခရီးသည်ယာဥ်များ တိုးလာခြင်းကြောင့် ပို့ဆောင်ရေးကဏ္ဍ ဝန်ဆောင်မှု ပိုမိုတိုးတက်ခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Pay-Past Kispa Nadi Express Co.Ltd, United Courier Services, Magnate Group Logistics Co. Ltd တို့ ပူးပေါင်းဆောင်ရွက်ခြင်းမှ ဝင်ငွေများ တိုးတက်ရရှိခြင်းနှင့် တယ်လီဖုန်း ဝန်ဆောင်မှုမှ ဝင်ငွေများ သိသိသာသာ တိုးတက်ရရှိလာပါသည်။

- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၁.၀** ရာခိုင်နှုန်း ၊ **စက်မှုကဏ္ဍကြီး** တွင် **၀.၆** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၁.၀** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင်ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၅.၄** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**ရှမ်းပြည်နယ်**

- ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၉.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။
- စက်မှုလက်မှုကဏ္ဍတွင် စားသောက်ကုန်ပစ္စည်း နှင့် အထွေထွေ စက်မှု လက်မှုလုပ်ငန်းများ ပိုမို ထုတ်လုပ်ခဲ့ပါသည်။
- ဝေးလံသောဒေသများ၏ လျှပ်စစ်ဓာတ်အားအသုံးပြုမှု စာရင်းများရရှိမှု အားနည်းခြင်းကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် လျော့နည်းခဲ့ပါသည်။
- ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်း တယ်လီဖုန်းများ ပိုမို အသုံးပြုလာခြင်းကြောင့် ယခင်နှစ် အလားတူ ကာလပေါ် တိုးတက်လာခြင်းဖြစ်ပါသည် ။
- ငွေရေးကြေးရေးကဏ္ဍတွင် ကမ္ဘောဇဘဏ်ခွဲ ၊ ပုဂ္ဂလိက ဘဏ်ခွဲ ၊ သမဝါယမဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ် ၊ မြန်မာ့ရှေ့ဆောင်ဘဏ် ၊ ယူနိုက်တက် အမရာဘဏ် နှင့် ဧရာဝတီဘဏ်များ အသစ်ဖွင့်လှစ် လာသောကြောင့် ပုဂ္ဂလိက ဘဏ်ငွေကြေး ဆောင်ရွက်မှု လုပ်ငန်းများ ဝင်ငွေ တိုးတက်လာပါသည် ။

- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၂.၅** ရာခိုင်နှုန်းနှင့် **စက်မှုကဏ္ဍကြီး** တွင် **၇.၀** ရာခိုင်နှုန်း **လျော့နည်း** ခဲ့ပြီး **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၉.၅** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၆၄.၃** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**

- ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၆.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။
- လယ်ယာကဏ္ဍတွင် ရာသီဥတုကောင်းမွန်ခြင်း၊ ပိုးမွှားဖျက်ဆီးမှု ကင်းစင်ခြင်း ကြောင့် မတ်ပဲအထွက်နှုန်း ပိုမိုခဲ့ပါသည်။
- သားငါးကဏ္ဍတွင် မွေးမြူရေးငါး ၊ အင်းငါး ၊ ရေငံပုစွန် နှင့် ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။
- စွမ်းအင်ကဏ္ဍတွင် CNG အသုံးပြုသော ယာဉ်အိုယာဉ်ဟောင်းများ ပြန်လည် အပ်နှံသဖြင့် ဗူးသွင်းသဘာဝဓာတ်ငွေ့ အသုံးပြုမှု လျော့နည်းခြင်းကြောင့် ယခုနှစ် ထုတ်လုပ်မှု လျော့နည်းသွားပါသည် ။
- လျှပ်စစ်ကဏ္ဍတွင် ဒေသတွင်း ကိုယ်အားကိုယ်ကိုး ပုဂ္ဂလိကလျှပ်စစ် ထုတ်လုပ် သုံးစွဲမှုများ ပိုမိုလာခြင်းကြောင့် တိုးတက်ခဲ့ပါသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် လမ်းဖောက်လုပ်မှုများ တံတားတည်ဆောက်မှု၊ ရေလှောင်တမံ တည်ဆောက်မှု၊ ရထားလမ်းဖောက်လုပ်မှုများကြောင့် တိုးတက်ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာကဏ္ဍကြီးတွင် ၃.၄** ရာခိုင်နှုန်း ၊ **စက်မှုကဏ္ဍကြီး** တွင် **၇.၁** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှု ကဏ္ဍကြီး** တွင် **၁၂.၂** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၅၇.၄** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

**နေပြည်တော်ကောင်စီနယ်မြေ**

- နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၁၄.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။
- ဈေးကောင်းရရှိခြင်းကြောင့် တောင်သူ စိတ်ဝင်စားသဖြင့် မတ်ပဲစိုက်ဧကနှင့် အထွက် တိုးတက်လာပါသည်။
- မွေးမြူရေးဇုန်များတိုးချဲ့ခြင်းကြောင့် အသားနှင့်ဥ ပိုမိုထုတ်လုပ်နိုင်ပြီး သားငါး ကဏ္ဍ တိုးတက်လာပါသည်။
- သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင်အမှတ်(၃)သတ္တုတွင်းလုပ်ငန်းမှ ထုံးကျောက်၊ ကျောက်အမျိုးမျိုး၊ သဲ၊ လမ်းခင်းကျောက်များ ပိုမို ထုတ်လုပ်ခဲ့ပါသည်။
- ဆောက်လုပ်မှုကဏ္ဍတွင် နိုင်ငံပိုင်အဆောက်အဦ၊ လမ်းတံတား၊ ဆည်မြောင်း တာတမံ ဆောက်လုပ်မှု လုပ်ငန်းများ တိုးတက်ခဲ့ပါသည်။
- ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။ ဗဟိုဘဏ်အပါအဝင် နိုင်ငံပိုင်ဘဏ်များ သာမက ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုရငွေများ တိုးတက်ရရှိခြင်းကြောင့် ငွေရေးကြေးရေးကဏ္ဍ တိုးတက်ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း **လယ်ယာ ကဏ္ဍကြီး** တွင် **၁၀.၄** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၂၂.၂** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၃.၃** ရာခိုင်နှုန်း အသီးသီး **တိုးတက်** ခဲ့ ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် **၁၀၃.၂** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

၇။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ ၆ လပတ် (အောက်တိုဘာလမှမတ်လ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အခြေအနေကို **နောက်ဆက်တွဲ (၃)** ဖြင့် ပြုစု တင်ပြအပ်ပါသည်။

## (ဂ)ပြည်ပကုန်သွယ်မှု

၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ် (အောက်တိုဘာလမှမတ်လ)တွင် ကုန်သွယ်မှုမှ လိုငွေ US$ **၅၂၁.၀** သန်း ဖြစ်ပေါ်ခဲ့ပြီး စုစုပေါင်း ပို့ကုန်၊ သွင်းကုန် တင်ပို့နိုင်မှု အခြေအနေ မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(အမေရိကန်ဒေါ်လာသန်း)

| | | |
|---|---|---|
| ပို့ကုန် | | ၄,၅၅၄.၁ |
| သွင်းကုန် | | ၅,၀၇၅.၁ |
| **Balance of Trade** | **(-)** | **၅၂၁.၀** |

၉။ စုစုပေါင်းကုန်သွယ်မှုအရ အဓိက ပို့ကုန် သွင်းကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**<u>အဓိကပို့ကုန်ပစ္စည်းများ</u>**

| ကုန်ပစ္စည်း | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လကုန်အထိ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လကုန်အထိ |
|---|---|---|---|
| ဆန် | မ/တန်(၀၀၀) | ၃၈၇.၈ | ၆၉၃.၃ |
| ဆန်ကွဲ | ။ | ၅၆.၀ | ၃၈.၃ |
| ပြောင်း | ။ | ၄၀၀.၇ | ၄၁၁.၆ |
| ပဲအမျိုးမျိုး | ။ | ၆၁၈.၇ | ၇၁၈.၃ |
| နှမ်း | ။ | ၇၃.၂ | ၂၁၄.၇ |
| ရာဘာစိမ်း | ။ | ၄၉.၃ | ၅၂.၆ |
| အခြားလယ်ယာကိုင်းကျွန်း ထွက်ပစ္စည်း | USD(သန်း) | ၁၃၆.၂ | ၂၂၄.၂ |
| သတ္တုတွင်းထွက်ပစ္စည်းနှင့် ကျောက်မျက်ရတနာများ | USD(သန်း) | ၅၄၃.၄ | ၁၀၃.၆ |
| ရေနံနှင့်ရေနံထွက်ပစ္စည်း | USD(သန်း) | ၁,၄၄၇.၇ | ၁,၈၅၂.၆ |
| သစ်တောထွက်ပစ္စည်း | USD(သန်း) | ၃၀၉.၄ | ၂၈၅.၂ |
| ကျွန်းသစ်လုံး | ကုဗတန်(၀၀၀) | ၁၄၉.၄ | ၁၉၃.၂ |
| တိရစ္ဆာန်ထွက်ပစ္စည်း | USD(သန်း) | ၆၇.၂ | ၇.၃ |
| ရေထွက်ပစ္စည်း | USD(သန်း) | ၄၆၁.၁ | ၃၁၃.၁ |
| အခြားပစ္စည်း | USD(သန်း) | ၃၄၉.၄ | ၅၁၇.၂ |

**အဓိကသွင်းကုန်ပစ္စည်းများ**

**(USD သန်းပေါင်း)**

| ကုန်ပစ္စည်း | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လကုန်အထိ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လကုန်အထိ |
|---|---|---|
| စားသုံးကုန်ပစ္စည်း | ၇၃၂.၀ | ၈၉၂.၈ |
| လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့်အရန် ပစ္စည်း | ၁,၄၆၃.၇ | ၁,၂၈၁.၁ |
| ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁,၅၃၈.၈ | ၂,၁၃၃.၇ |
| သီးခြားဖော်ပြမထားသည့်ပစ္စည်း* | ၇၂၄.၆ | ၇၆၇.၅ |

* နယ်စပ်ကုန်သွယ်ရေးမှတင်သွင်းမှုများပါဝင်ပါသည်။

**(ဃ)ငွေကြေးဖောင်းပွမှုနှုန်း**

၁၀။ ငွေကြေးဖောင်းပွမှုနှုန်းအနေဖြင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အတွင်း လစဉ် ဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ၂၀၁၂ ခုနှစ် အောက်တိုဘာလ | + ၀.၆၈ % |
| ၂၀၁၂ ခုနှစ် နိုဝင်ဘာလ | + ၁.၀၄ % |
| ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ | + ၁.၄၈ % |
| ၂၀၁၃ခုနှစ် ဇန်နဝါရီလ | + ၁.၉၅ % |
| ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ | + ၂.၃၇ % |
| ၂၀၁၃ ခုနှစ် မတ်လ | + ၂.၈၅ % |

**(င)ရင်းနှီးမြှုပ်နှံမှုအခြေအနေ**

၁၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်(အောက်တိုဘာလမှ မတ်လ) စုစုပေါင်း အမေရိကန်ဒေါ်လာ **၁,၀၂၀.၉၇၆** သန်း ရင်းနှီးမြှုပ်နှံမှု ပြုခဲ့ပါ သည်။ လုပ်ငန်းအလိုက် ရင်းနှီးမြှုပ်နှံမှုများ မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

အမေရိကန်ဒေါ်လာသန်းပေါင်း

| | ဒုတိယ(၆)လပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု |
|---|---|
| မွေးမြူရေးနှင့်ရေလုပ်ငန်း | ၅.၆၀၀ |
| သတ္တုလုပ်ငန်း | ၁၅.၃၃၄ |

| | |
|---|---|
| စက်မှုလုပ်ငန်း | ၃၂၅.၅၅၉ |
| လျှပ်စစ်ဓာတ်အားလုပ်ငန်း | ၁၇၀.၄၂၃ |
| ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၁၉၀.၃၀၀ |
| ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း | ၃၀၀.၀၀၀ |
| အခြားဝန်ဆောင်မှု | ၁၃.၇၆၀ |
| **စုစုပေါင်း** | **၁,၀၂၀.၉၇၆** |

၁၂။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံပေါင်း **၃၂** နိုင်ငံမှ စုစုပေါင်းလုပ်ငန်းဦးရေ **၅၆၁** ခုအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ **၄၂,၁၁၈.၅** သန်း ခွင့်ပြုထားပြီးဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် မတ်လကုန်အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံမှ အများဆုံး ဖြစ်ပြီး အမေရိကန်ဒေါ်လာ **၁၄,၁၈၀.၇** သန်း **(၃၃.၇%)** ဖြစ်ပါသည်။ ဒုတိယအများဆုံး နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ **၉,၅၆၉.၄** သန်း **(၂၂.၇%)** နှင့် တတိယအများဆုံး နိုင်ငံမှာ ဟောင်ကောင်နိုင်ငံ ဖြစ်ပြီး အမေရိကန်ဒေါ်လာ **၆,၃၉၃.၃** သန်း **(၁၅.၂%)** ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် မတ်လကုန်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်သည့် စုစုပေါင်း လုပ်ငန်းဦးရေ **၉၀၅** မှ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် **၂,၇၇၄,၆၂၃.၁** သန်း အထိ ရင်းနှီးခဲ့ပါသည်။ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း ကျပ်သန်းပေါင်း **၉၂၉,၄၀၁.၁** ဖြစ်ပါသည်။ လုပ်ငန်းအလိုက် ရင်းနှီးမြှုပ်နှံမှုများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

ကျပ်သန်းပေါင်း

| | ဒုတိယ(၆)လပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု |
|---|---|
| မွေးမြူရေးနှင့်ရေလုပ်ငန်း | ၅,၀၅၀.၀၀ |
| သတ္တုတူးဖော်ရေးလုပ်ငန်း | ၂,၀၀၀.၀၀ |
| စက်မှုလုပ်ငန်း | ၁၇၅,၃၁၉.၄၃ |
| ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း | ၁၂၀,၃၃၃.၁၇ |
| အိမ်ယာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း | ၁၀၈,၅၀၀.၀၀ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၆၆,၈၂၉.၆၂ |

| | |
|---|---|
| သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ၁၀၆,၈၁၃.၈၄ |
| စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်း | ၂၄၈၂,၀၀.၀၀ |
| အခြားလုပ်ငန်း | ၉၅,၃၅၅.၀၅ |
| **စုစုပေါင်း** | **၉၂၉,၄၀၁.၁၁** |

## (စ) အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု

၁၃။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက် ဖြစ်သည့်အားလျော်စွာ နိုင်ငံတစ်ဝှမ်းတွင် လိုအပ်လျက်ရှိသော အခြေခံ အဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ ဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော ဆည်မြောင်း၊ တာတမံ တည်ဆောက် ခြင်း လုပ်ငန်းများ၊ လမ်း တံတား၊ မီးရထားလမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေး လုပ်ငန်းများ၊ လေယာဥ်ကွင်း တိုးချဲ့ တည်ဆောက် ရေး လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။

### ဆည်မြောင်းတာတမံများ

၁၄။ ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်းတွင် သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုကို အတတ်နိုင်ဆုံး အလေးထားဆောင်ရွက်လျှက်ရှိရာ ၂၀၁၁ ခုနှစ်မတ်လကုန် တွင် ဆည်မြောင်း တာတမံ **၇၀၈** ခု ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်၊ မတ်လကုန် တွင် **၇၁၅** ခု ရှိခဲ့သဖြင့် ဆည်မြောင်းတာတမံ **၇** ခု တိုးချဲ့ တည်ဆောက်ခဲ့ပါသည်။ အကြီးစားရေအား လျှပ်စစ် ဓာတ်အားပေး လုပ်ငန်းများကို ဆည်မြောင်းတာတမံကြီးများနှင့် တွဲဘက်၍ ဆောင်ရွက်လျက် ရှိပါ သည်။

### လျှပ်စစ်

၁၅။ လျှပ်စစ်ဓာတ်အားတွင် သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံများတွင် စွန့်ပစ်အပူသုံး ရေနွေးငွေ့ဓါတ်အားပေးစက်များ တိုးချဲ့တပ်ဆင်အသုံးပြုလာခြင်း၊ ဒီဇယ်လျှပ်စစ်ဓာတ်အားပေး

စက်ရုံများတွင် တပ်ဆင်အင်အား တိုးချဲ့ခြင်းကြောင့် ဓာတ်အားထုတ်လုပ်မှုနှင့် အသုံးပြုမှုတို့ တိုးတက်ခဲ့ပါသည်။

၁၆။ ၂၀၁၃ ခုနှစ် မတ်လကုန်တွင် အကြီးစားရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ **၁၉** ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ **၃၂** ရုံ၊ စုစုပေါင်း **၅၁** ရုံ တည်ဆောက်ခဲ့ပြီး ဓာတ်အားပေးစက်ရုံ **၂၃** ရုံကို ဆက်လက်တည်ဆောက်လျက် ရှိပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ် မတ်လအထိတွင် ရွှေကျင်၊ ကြီးအုံကြီးဝ နှင့် ကွန်းချောင်း ရေအား လျှပ်စစ် စက်ရုံများကို အသစ်ဖွင့်လှစ်ခဲ့ပြီး ယင်းစက်ရုံ **၃** ရုံမှ တပ်ဆင်အင်အား **၂၀၉** မဂ္ဂါဝပ်အပါအဝင် တည်ဆောက်ပြီးစီးသော ရေအားသုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံ များမှ လျှပ်စစ်ဓာတ်အား **၂,၆၉၃** မဂ္ဂါဝပ် တပ်ဆင်ထားပါသည်။ တည်ဆောက်ဆဲ စက်ရုံ **၂၃** ရုံ ပြီးစီးသည့်အခါတွင် **၁၃,၅၁၇.၅** မဂ္ဂါဝပ် တိုးချဲ့တပ်ဆင်နိုင်မည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာ တည်ဆောက်ပြီး စီးခဲ့သည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံ **၉** ရုံမှ **၅၅၀** မဂ္ဂါဝပ် တပ်ဆင်ထားရှိပါသည်။ တပ်ဆင်ထားသည့် လျှပ်စစ်ဓာတ်အားမှာ ၂၀၁၃ ခုနှစ် မတ်လကုန် တွင် **၃,၆၀၆** မဂ္ဂါဝပ် ရှိပါသည်။

၁၇။ လျှပ်စစ်ဓာတ်အားလိုင်း ပို့လွှတ်ဖြန့်ဖြူးမှုတွင် ၂၀၁၂ ခုနှစ် မတ်လကုန်၌ သွယ်တန်းပြီး မိုင် **၃၆,၃၈၈** ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် မတ်လကုန် တွင် **၃၉,၁၅၇** အထိ တိုးချဲ့သွယ်တန်း နိုင်ခဲ့ပါသည်။ လျှပ်စစ်မီးလင်း သည့် မြို့ရွာပေါင်းမှာ ၂၀၁၃ ခုနှစ် မတ်လ တွင် **၄၈၅** မြို့နှင့် **၃,၈၅၂** ရွာအထိ ရှိခဲ့ပါသည်။

**လမ်းတံတား**

၁၈။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတစ်ဝှမ်းလုံး၌ လမ်း တံတားများ တိုးချဲ့ဖောက် လုပ်ခြင်းသည် အရေးပါသည့်အလျောက် တံတားကြီးများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ယူ ဆောက်လုပ် ပေးလျက်ရှိပါသည်။ ၂၀၁၁ခုနှစ်၊ မတ်လကုန်အထိ ပေ ၁၈၀ နှင့်အထက် တံတားပေါင်း **၇၁၈** စင်း ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်၊ မတ်လကုန်တွင် **၇၇၆** စင်း အထိ တိုးချဲ့ တည်ဆောက်ခဲ့ပါသည်။

၁၉။ ဒေသများအကြား ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုရရှိစေရေး အတွက် တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် လမ်းများ၊ မီးရထားလမ်းများ ဖောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း များကို အလေးပေး ဆောင်ရွက်ခဲ့ပါသည်။

## ပို့ဆောင်ဆက်သွယ်ရေး

၂၀။ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း တိုးချဲ့ ဆောင်ရွက်နိုင်ရန် ဒေသအသီးသီးတွင် လေဆိပ်ကြီးများ တည်ဆောက်ခြင်း၊ လက်ရှိ လေယာဉ်ကွင်းများကို ပြုပြင်ခြင်း၊ အဆင့်မြှင့် တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် မတ်လကုန်တွင် လေယာဉ်ကွင်း စုစုပေါင်း **၆၉** ခု ရှိပါသည်။

၂၁။ ခေတ်မီဆက်သွယ်ရေးစနစ်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိ ရေးအတွက် ဒစ်ဂျစ်တယ် မိုက်ခရိုဝေ့ဗ် ဆက်ကြောင်းသစ်များကို တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၂ မတ်လကုန်တွင် မိုက်ခရိုဝေ့ဗ် စခန်း **၃၄၀** ခု မှ ၂၀၁၃ ခုနှစ်၊ မတ်လကုန်တွင် **၃၄၁** ခု အထိ တိုးလာခဲ့ပါသည်။

၂၂။ ထို့အပြင် ခေတ်မီဆက်သွယ်ရေးစနစ်ဖြစ်သော ဆယ်လူလာ တယ်လီဖုန်း၊ CDMA နှင့် GSM တယ်လီဖုန်းစနစ်များအပြင် ကမ္ဘာအရပ်ရပ် သို့ ဆက်သွယ် ချိတ်ဆက်ပေးနိုင်သည့် အင်တာနက်၊ အင်တာနက် အီးမေးလ်လိုင်းများကိုလည်း တပ်ဆင် သုံးစွဲခဲ့ပါသည်။ ၂၀၁၂ မတ်လကုန်တွင် တယ်လီဖုန်းလုံးရေ **၂,၂၀၂,၄၆၂** လုံးရှိခဲ့ပြီး ၂၀၁၃ခုနှစ် မတ်လကုန်တွင် **၄,၃၇၅,၄၀၅** လုံး ရှိခဲ့သဖြင့် **၂,၁၇၂,၉၄၃** လုံး တိုးလာခဲ့ပါသည်။ ဂြိုဟ်တုဖြင့် ပြည်ပတယ်လီဖုန်း ဆက်သွယ်ရေး ချယ်နယ်အနေဖြင့် ၂၀၁၂ မတ်လကုန်တွင် **၄,၆၈၇** ချယ်နယ်ရှိခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လကုန်တွင် ချယ်နယ်ပေါင်း **၁၀,၀၉၈** ချယ်နယ် ရှိလာခဲ့သဖြင့် **၅,၄၁၁** ချယ်နယ် တိုးခဲ့ပါသည်။

## (ဆ) လူမှုရေးဖွံ့ဖြိုးမှု

၂၃။ နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် တွန်းအားပေး ဆောင်ရွက်နေသကဲ့သို့ လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးတက်လာ ရေးကိုလည်းအလေးပေး ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန် မှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ကျောင်းနှင့် တက္ကသိုလ်/ ကောလိပ်များ တိုးတက်လာမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | **၂၀၁၂ခုနှစ် စက်တင်ဘာလကုန်** | **၂၀၁၃ခုနှစ် ဖေဖော်ဝါရီလကုန်** |
|---|---|---|
| **ကျောင်း** | **၄၂,၃၇၆** | **၄၂,၃၈၅** |
| - မူလတန်း | ၂၉,၉၈၄ | ၂၉,၉၈၉ |
| - မူလတန်းလွန်ကျောင်း | ၆,၅၉၀ | ၆,၅၅၆ |

| | | |
|---|---|---|
| - အလယ်တန်း | ၃,၃၂၇ | ၃,၃၅၄ |
| - အထက်တန်း | ၂,၄၇၅ | ၂,၄၈၆ |
| **တက္ကသိုလ်/ကောလိပ်များ** | **၁၆၄** | **၁၆၄** |

၂၄။ နိုင်ငံတော်မှ ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်နိုင်ရန် အတွက် ဆေးရုံများ တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ဆရာဝန်နှင့် သူနာပြုများ တိုးချဲ့ခန့်ထားခြင်းနှင့် ကျန်းမာရေး အသုံးစရိတ်များကို တိုးချဲ့ခွင့်ပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် မတ်လကုန်အထိ ဆေးရုံ၊ ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးတက္ကသိုလ်များ တိုးတက် လာမှု တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | **၂၀၁၂ခုနှစ် စက်တင်ဘာလကုန်** | **၂၀၁၃ခုနှစ် မတ်လ** |
|---|---|---|
| -ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ | ၁၅ | ၁၅ |
| -ဆေးရုံ | ၁,၀၀၁ | ၁,၀၁၂ |
| - ကျန်းမာရေးဝန်ကြီးဌာန | ၉၃၄ | ၉၄၄ |
| - အခြား ဝန်ကြီးဌာနများ | ၆၇ | ၆၈ |
| - တိုင်းရင်းဆေးရုံ | ၁၄ | ၁၄ |
| - ကျေးလက်ကျန်းမာရေးဌာန | ၁,၅၉၉ | ၁,၆၃၅ |
| - ဆရာဝန် | ၁၀,၇၄၀ | ၁၁,၃၃၈ |
| - သူနာပြု | ၂၅,၃၂၇ | ၂၆,၄၂၇ |

## (ဇ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး

၂၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ၈ ရပ် နှင့် အညီ လုပ်ငန်းအလိုက် ဝန်ကြီးဌာနများမှ ဒေသအလိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် နယ်စပ်ရေးရာ ဝန်ကြီး ဌာန ၊ ကျေးလက်ဒေသ

ဖွံ့ဖြိုးရေး ဦးစီးဌာန မှ ၂၀၁၂-၂၀၁၃(အောက်တိုဘာလမှမတ်လ) ၆လ ပတ်အတွင်း လုပ်ငန်းများ ဆောင်ရွက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်း ကျေးလက်ရေရရှိရေး စီမံကိန်း

(၁) ကျေးလက်ရေရရှိရေးအတွက် ကျေးရွာ များ တွင် တွင်းတိမ် တူး ဖော်ခြင်း ၊ တွင်းနက် တူး ဖော်ခြင်း ရေကန်အဆင့်မြှင့်ခြင်း၊ လက်တူး တွင်း အဆင့် မြှင်ခြင်း စိမ့်စမ်းရေသွယ် ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

(၂) နိုင်ငံတော် ထောက်ပံ့ ငွေဖြင့် ချင်းပြည်နယ်ရှိ ရိခေါဒါရ်မြို့နယ်၊ ဖလမ်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ပုလဲ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ မလှိုင်မြို့နယ်၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တို့တွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက် လျှက်ရှိပါသည်။

(၃)ကျေးလက်ဖွံ့ဖြိုးရေး ဘဏ် ထောက်ပံ့ငွေဖြင့် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ ကြို့ပင်ကောက် မြို့နယ်၊ မကွေးတိုင်းဒေသကြီးရှိ ချောက် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ နွားထိုးကြီးမြို့နယ်၊ ရှမ်းပြည်နယ်ရှိ တောင်ကြီးမြို့နယ် တို့တွင် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။

(၄)JICA နှင့် ပူးပေါင်း ဆောင်ရွက်သည့် ကျေးလက်ရေရရှိရေးလုပ်ငန်းအတွက် မကွေးတိုင်းဒေသကြီးရှိ ချောက် မြို့နယ်၊ ရေနံချောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်း မြို့နယ်၊ တောင်သာ မြို့နယ်တို့တွင် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ခဲ့ပါသည်။

(၅) BAJ နှင့် ပူးပေါင်း ဆောင်ရွက်သည့် ကျေးလက်ရေရရှိရေးလုပ်ငန်းအတွက် မကွေးတိုင်းဒေသကြီးရှိ မကွေးမြို့နယ်၊ နတ်မောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ညောင်ဦးမြို့နယ်တို့တွင် စက်ရေတွင်း တူးဖော် ဆောင်ရွက်ခဲ့ပါသည်။

(၆) ယူနီဆက်နှင့် ပူးပေါင်း ဆောင်ရွက်သော ကျေးလက်ရေရရှိရေးလုပ်ငန်းများမှာတွင်းနက် တူး ဖော်ခြင်း ၊လက်တူးတွင်း၊ ရေကန်၊ စိမ့်စမ်းရေသွယ် ခြင်း၊ တို့ဖြစ်ပါသည်။

(ခ) ကျေးလက်လမ်းတံတားလုပ်ငန်း

(၁) မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရန်ပုံငွေဖြင့် ကတ္တရာ လမ်း၁၂/၃.၅မိုင်၊ ကျောက်လမ်း၂၁၁/၅.၃မိုင်၊ ဂဝံလမ်း၁၀၇/၅.၀မိုင်၊ မြေလမ်း ၁၇၁/၁.၈မိုင်၊ ကွန်ကရစ် လမ်း၅/၅.၄မိုင်၊ပေါင်းလမ်းမိုင်၅၀၈/၅.၀မိုင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(၂) ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ကတ္တရာ လမ်း၁၉၀/၀မိုင်၊ ကျောက်လမ်း၂၅၄/၆မိုင်၊ မြေလမ်း ၂၅၂/၀မိုင်၊ ပေါင်းလမ်းမိုင် ၉၆၇/၆မိုင် နှင့် သစ်သား၇၀၄၀ပေ၊ ရေပြွန်၄၃၉၅ပေ၊အခြား၂၀၀ပေ ပေါင်း၁၁၆၃၅ပေ ဆောင်ရွက် ပြီးစီး ခဲ့ ပါသည်။

(၃) နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကတ္တရာ လမ်း၀/၇.၆၂မိုင်၊ ကျောက်လမ်း၁၂/၀မိုင်၊ မြေလမ်း ၃၄/၇မိုင်၊ကွန်ကရစ်၀/၄မိုင်၊ ပေါင်းလမ်းမိုင် ၄၈/၂.၆၂မိုင် နှင့် သစ်သား ၆၇၀ပေ၊ ဆောင်ရွက် ပြီးစီး ခဲ့ ပါသည်။

(ဂ) ကျေးလက်စံပြအိမ်ရာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု

(၁) ကျေးလက်စံပြအိမ်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ပြည်နယ် (၂) ခု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခု၊ စုစုပေါင်း (၈) ခု၊ မြို့နယ် (၂၆) မြို့နယ်၊ ကျေးရွာ (၂၁၈) ရွာ၊ အိမ်ခြေ (၅၂၃) အိမ်တို့အား နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် (၆၂၄)သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ကျေးလက်မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်မီးလင်းရေး လုပ်ငန်းများ ကို (က) ဆိုလာစနစ်၊ ( ခ) အသေးစားရေအားလျှပ်စစ်စနစ်နှင့် ( ဂ) ဇီဝလောင်စာ စနစ်ဖြင့် ကျေးလက် မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(၂) ကျေးလက်မီးလင်းရေးလုပ်ငန်းအား ဆိုလာစနစ်ဖြင့် တိုင်းဒေသကြီး /ပြည်နယ် (၁၄) ခု၊ မြို့နယ်ပေါင်း (၇၇)မြို့၊ ကျေးရွာ (၁၇၁) ရွာ၊ အကျိုးပြုအိမ်ခြေ (၁၅၈၇၁) အိမ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ် (၂၉၅၅.၄) သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(၃) ကျေးလက် မီးလင်းရေး လုပ်ငန်းအား တင်ဒါစနစ်ဖြင့် ကုမ္ပဏီပေါင်း (၉)ခု မှ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်

ပြီးစီးမှု အခြေအနေမှာ မြို့နယ် ၇၇ မြို့၊ ကျေးရွာ ၁၇၁ ရွာအတွက် လုပ်ငန်း ၁၄၀၈၀၊ အကျိုးပြုအိမ်ခြေ ၁၅၈၇၁ အနက် ကယားဒေသတွင် ကျေးရွာ ၃ ရွာ နှင့် ခနု ဒေသတွင် ကျေးရွာ ၅ ရွာ မှာ လုံးဝပြီးစီး၍ ကျန်ဒေသများတွင် ဆောင်ရွက်ဆဲဖြစ်ပါသည်။

## တစ်မျိုးသားလုံး ၏

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)

## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အကောင်အထည်ဖော်မှု အခြေအနေ

## (၂၀၁၀-၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဥ် | | ကဏ္ဍ | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက် | | ဒုတိယ (၆)လပတ်(အောက်တိုဘာလမှ မတ်လ) | | |
| | | | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း(%) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈,၀၁၈,၇၉၇.၃** | **၅.၇** | **၁၉,၁၁၉,၀၁၈.၉** | **၆၈.၂** | **၄.၉** |
| | ၁ | လယ်ယာ | ၁၁,၃၇၄,၅၂၆.၉ | ၁.၉ | ၈,၃၂၃,၈၉၅.၂ | ၇၃.၂ | ၂.၀ |
| | ၂ | သားငါး | ၃,၈၂၆,၄၂၅.၄ | ၆.၈ | ၂,၀၇၈,၆၉၉.၅ | ၅၄.၃ | ၈.၃ |
| | ၃ | သစ်တော | ၁၅၈,၉၆၂.၄ | ၀.၄ | ၁၄၃,၂၆၁.၁ | ၉၀.၁ | ၁.၀ |
| | ၄ | စွမ်းအင် | ၆၇,၂၇၈.၂ | ၂.၀ | ၃၀,၉၄၆.၇ | ၄၆.၀ | -၁.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃,၂၄၀.၉ | ၂.၅ | ၁၇၁,၆၆၂.၀ | ၅၁.၅ | -၂.၅ |
| | ၆ | စက်မှုလက်မှု | ၉,၇၁၆,၈၂၆.၁ | ၁၁.၂ | ၆,၆၅၅,၈၅၉.၇ | ၆၈.၅ | ၆.၆ |
| | ၇ | လျှပ်စစ်ဓါတ်အား | ၅၀၄,၂၆၈.၇ | ၆.၁ | ၂၄၉,၆၅၈.၈ | ၄၉.၅ | ၁၄.၇ |
| | ၈ | ဆောက်လုပ်မှု | ၂,၀၃၇,၂၆၈.၇ | ၁.၅ | ၁,၄၆၅,၀၃၅.၉ | ၇၁.၉ | ၁၀.၂ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈,၈၀၃,၃၃၃.၂** | **၁၂.၈** | **၄,၉၅၆,၈၄၉.၉** | **၅၆.၃** | **၂၄.၂** |
| | ၁ | ပို့ဆောင်ရေး | ၅,၉၀၂,၃၅၅.၀ | ၄.၅ | ၂,၉၁၃,၂၉၂.၅ | ၄၉.၄ | ၆.၃ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄,၃၄၉.၂ | ၁၅၀.၄ | ၇၈၃,၇၀၇.၄ | ၇၉.၆ | ၃၄၄.၉ |
| | ၃ | ငွေရေးကြေးရေး | ၅၃,၄၇၆.၈ | ၈.၁ | ၇၂,၈၁၄.၂ | ၁၃၆.၂ | ၂၉.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅,၀၇၁.၅ | ၃.၂ | ၆၇၈,၁၇၈.၅ | ၇၅.၈ | ၁၃.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈,၀၈၀.၇ | ၁၄.၆ | ၅၀၈,၈၅၇.၃ | ၅၂.၆ | ၂၀.၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈,၉၅၇,၀၄၉.၃** | **၄.၁** | **၆,၁၀၁,၁၇၇.၂** | **၆၈.၁** | **၄.၉** |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၅,၇၇၉,၁၇၉.၈** | **၆.၇** | **၃၀,၁၇၇,၀၄၆.၀** | **၆၅.၉** | **၇.၇** |

## တစ်မျိုးသားလုံး ၏

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)

## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အကောင်အထည်ဖော်မှုအခြေအနေ

## (၂၀၁၀-၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက် | | ဒုတိယ (၆)လပတ်(အောက်တိုဘာလမှ မတ်လ) | | |
| | | | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း(%) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၅,၃၅၉,၉၁၄.၇** | **၃.၀** | **၁၀,၅၄၅,၈၅၅.၈** | **၆၈.၇** | **၃.၂** |
| | ၁ | လယ်ယာ | ၁၁,၃၇၄,၅၂၆.၉ | ၁.၉ | ၈,၃၂၃,၈၉၅.၂ | ၇၃.၂ | ၂.၀ |
| | ၂ | သားငါး | ၃,၈၂၆,၄၂၅.၄ | ၆.၈ | ၂,၀၇၈,၆၉၉.၅ | ၅၄.၃ | ၈.၃ |
| | ၃ | သစ်တော | ၁၅၈,၉၆၂.၄ | ၀.၄ | ၁၄၃,၂၆၁.၁ | ၉၀.၁ | ၁.၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၂,၆၅၈,၈၈၂.၆** | **၉.၀** | **၈,၅၇၃,၁၆၃.၁** | **၆၇.၇** | **၇.၂** |
| | ၁ | စွမ်းအင် | ၆၇,၂၇၈.၂ | ၂.၀ | ၃၀,၉၄၆.၇ | ၄၆.၀ | -၁.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃,၂၄၀.၉ | ၂.၅ | ၁၇၁,၆၆၂.၀ | ၅၁.၅ | -၂.၅ |
| | ၃ | စက်မှုလက်မှု | ၉,၇၁၆,၈၂၆.၁ | ၁၁.၂ | ၆,၆၅၅,၈၅၉.၇ | ၆၈.၅ | ၆.၆ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၅၀၄,၂၆၈.၇ | ၆.၁ | ၂၄၉,၆၅၈.၈ | ၄၉.၅ | ၁၄.၇ |
| | ၅ | ဆောက်လုပ်မှု | ၂,၀၃၇,၂၆၈.၇ | ၁.၅ | ၁,၄၆၅,၀၃၅.၉ | ၇၁.၉ | ၁၀.၂ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၇,၇၆၀,၃၈၂.၅** | **၈.၃** | **၁၁,၀၅၈,၀၂၇.၁** | **၆၂.၃** | **၁၂.၇** |
| | ၁ | ပို့ဆောင်ရေး | ၅,၉၀၂,၃၅၅.၀ | ၄.၅ | ၂,၉၁၃,၂၉၂.၅ | ၄၉.၄ | ၆.၃ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄,၃၄၉.၂ | ၁၅၀.၄ | ၇၈၃,၇၀၇.၄ | ၇၉.၆ | ၃၄၄.၉ |
| | ၃ | ငွေရေးကြေးရေး | ၅၃,၄၇၆.၈ | ၈.၁ | ၇၂,၈၁၄.၂ | ၁၃၆.၂ | ၂၉.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅,၀၇၁.၅ | ၃.၂ | ၆၇၈,၁၇၈.၅ | ၇၅.၈ | ၁၃.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈,၀၈၀.၇ | ၁၄.၆ | ၅၀၈,၈၅၇.၃ | ၅၂.၆ | ၂၀.၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၈,၉၅၇,၀၄၉.၃ | ၄.၁ | ၆,၁၀၀,၁၇၇.၂ | ၆၈.၁ | ၄.၉ |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၅,၇၇၉,၁၇၉.၈** | **၆.၇** | **၃၀,၁၇၇,၀၄၆.၀** | **၆၅.၉** | **၇.၇** |

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏

## ၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လ

### အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အကောင်အထည်ဖော်မှုအခြေအနေ
### (၂၀၁၀-၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|
| | | စီမံကိန်းရည်မှန်းချက် | | ဒုတိယ (၆)လပတ်(အောက်တိုဘာလမှ မတ်လ) | | |
| | | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၁၄၁,၇၂၃.၂ | ၅.၇ | ၆၉၃,၁၉၀.၉ | ၆၀.၇ | -၆.၆ |
| ၂ | ကယားပြည်နယ် | ၁၆၅,၀၂၂.၉ | ၄.၄ | ၁၀၂,၆၆၇.၈ | ၆၂.၂ | ၇.၇ |
| ၃ | ကရင်ပြည်နယ် | ၈၀၀,၀၇၂.၃ | ၈.၀ | ၆၈၂,၉၂၈.၄ | ၈၅.၄ | ၂၃.၇ |
| ၄ | ချင်းပြည်နယ် | ၁၆၀,၄၅၆.၂ | ၇.၄ | ၁၀၂,၇၉၄.၉ | ၆၄.၁ | ၁၀.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅,၂၇၅,၉၃၄.၉ | ၈.၂ | ၃,၇၈၂,၆၀၂.၁ | ၇၁.၇ | ၉.၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၅၈၅,၆၄၈.၈ | ၆.၉ | ၁,၀၃၇,၁၄၄.၆ | ၆၅.၄ | ၁၃.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃,၉၅၄,၆၀၇.၇ | ၆.၈ | ၂,၈၇၅,၆၆၅.၄ | ၇၂.၇ | ၉.၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄,၄၂၄,၉၁၆.၁ | ၇.၇ | ၂,၆၈၇,၉၈၈.၀ | ၆၀.၇ | ၉.၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၁၆၈,၈၄၆.၃ | ၆.၇ | ၃,၂၁၀,၄၃၇.၄ | ၆၂.၁ | ၇.၉ |
| ၁၀ | မွန်ပြည်နယ် | ၁,၉၅၆,၃၀၅.၀ | ၈.၄ | ၁,၃၅၆,၀၃၃.၉ | ၆၉.၃ | ၅.၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၈၀၂,၇၈၄.၅ | ၄.၆ | ၁,၁၃၂,၄၆၁.၀ | ၆၂.၈ | ၂.၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၀,၂၅၅,၅၄၅.၁ | ၇.၉ | ၆,၇၁၂,၀၀၈.၁ | ၆၅.၄ | ၅.၁ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၃၂၂,၀၈၇.၉ | ၆.၁ | ၂,၁၃၄,၇၈၉.၇ | ၆၄.၃ | ၉.၄ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၃၅၈,၃၀၀.၆ | ၅.၀ | ၃,၀၇၄,၈၅၈.၉ | ၅၇.၄ | ၆.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၇၂,၉၁၇.၈ | ၁၂.၅ | ၅၉၁,၄၇၄.၉ | ၁၀၃.၂ | ၁၄.၃ |